# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁)ရက် ၊ စနေနေ့ ၊ (3-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၄၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ လုပဝေစည် တို့တိုင်းပြည်တွက် ကိုယ်စီဆန္ဒ မဲပေးကြ။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ အသိပေးထုတ်ပြန်ကြေညာ

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်၌ စတင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်တွင်း၊ပြည်ပရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

၂။ ရွေးကောက်ပွဲကျင်းပချိန်တွင် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၇ နှင့် နည်းဥပဒေပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ ရောက်ရှိနေကြသည့် မဲဆန္ဒရှင်များ၏ ကြိုတင်မဲပေးခြင်းကို သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာ မြန်မာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးအသီးသီးက ဆောင်ရွက်ခဲ့ကြပါသည်။ ယင်းမဲပေးပြီးသည့် ကြိုတင်ဆန္ဒမဲများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ပေးပို့ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ဆက်လက်ပေးပို့ခဲ့ပါသည်။ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက နိုင်ငံရေးပါတီများကို ဖိတ်ကြား၍ ကော်မရှင်က သတ်မှတ်ပေးသည့်နေ့ရက်ဖြစ်သည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူတို့ရှေ့မှောက်တွင် ကြိုတင်ဆန္ဒမဲစာအိတ်များကို ဖွင့်ဖောက်၍ ပွင့်လင်းမြင်သာစွာရေတွက်ခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ကြိုတင်ဆန္ဒမဲအရေအတွက်ကို ပုံစံ(၁၇)နှင့် ပုံစံ(၁၇-၁)တို့တွင် ဖြည့်သွင်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အသိသက်သေများ၊ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စိစစ်ပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုး၍ အများပြည်သူကြည့်ရှုနိုင်ရန် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာပေးခဲ့ပါသည်။

၃။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (က) နှင့် နည်းဥပဒေပါ

စာမျက်နှာ ၁၉ ကော်လံ ၁

## ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်း ရာနှုန်းပြည့်နီးပါးတည်ဆောက်ပြီးစီး ကန်ရေပြည့်အမှတ်အထက်သို့လှောင်ထားရှိ

နေပြည်တော် ဇန်နဝါရီ ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာအနီး နမ့်အက်ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံတည်ဆောက်ပြီးစီးမှု၊ ရေသိုလှောင်ထားရှိမှုနှင့် ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားများ စမ်းသပ်ထုတ်လွှတ်ရန် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်း

စာမျက်နှာ ၁၆ ကော်လံ ၁






ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက်
အယ်ဒီတာ့အာဘော်

# သားကောင်းဇာနည်အောင်စစ်သည်တို့၏ ပြည်သူ့အတွက်အောင်ပွဲများ

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုသည် အဓိကကျပြီး တည်ငြိမ်အေးချမ်းမှုမရှိပါက ဖွံ့ဖြိုးတိုးတက်ရေးသည် အလှမ်းဝေးနေဦးမည်ဖြစ်သည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုမရှိသည့် ဒေသများကို တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးမှုရှိစေရေးတို့အတွက် ဦးစွာဆောင်ရွက်ရပေမည်။

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်များအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များဝင်ရောက်ကာ ဆက်သွယ်ရေးလမ်းကြောင်းများကို နှောင့်ယှက်ပိတ်ဆို့၍ ခရီးသွားပြည်သူများကိုဖမ်းဆီးခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ နေအိမ်များအတွင်းသို့ဝင်ရောက်၍ ပြည်သူပိုင်ပစ္စည်းများကို အတင်းအဓမ္မယူဆောင်ခြင်း၊ နိုင်ငံ့အကျိုးပြုစက်ရုံ၊ အလုပ်ရုံများကို ဝင်ရောက်မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံပိုင် မြေပေါ်၊ မြေအောက်သယံဇာတများကို အဓမ္မနည်းဖြင့်ထုတ်ယူပြီး ကိုယ်ကျိုးအတွက်သုံးစွဲခြင်း၊ ပြည်သူလူထုများ၏ နေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ အဆောက်အအုံများကို အခိုင်အမာခံစစ်နေရာများအဖြစ် အသုံးပြုခြင်း၊ ယာယီအခြေပြုနေထိုင်ခြင်း၊ ဆက်သွယ်ရေးလမ်းမကြီးများပေါ်၌ ဂိတ်များဖွင့်လှစ်၍ ဒေသခံပြည်သူများ၊ ခရီးသွားများထံမှ ငွေကြေးကောက်ခံခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့ကြခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှောင့်အယှက်များဖြစ်စေလျက်ရှိသည်။ ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက အဆိုပါဒေသများတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးမှုရှိစေရေးတို့အတွက် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ တပ်မတော်စစ်ကြောင်းများ၏ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးကို စနစ်တကျဆောင်ရွက်ခဲ့ခြင်းကြောင့် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နှင့် ထိုဒေသတစ်ဝိုက်ကိုလည်းကောင်း၊ မတ္တရာမြို့နယ်ရှိ ဖယောင်းတောင်သတ္တုတွင်းဒေသကိုလည်းကောင်း၊ အယ်လ်ဖာဘိလပ်မြေစက်ရုံတစ်ဝိုက်ကိုလည်းကောင်း၊ ဆည်တော်ကြီးကျေးရွာနှင့် ရေလှောင်တမံကိုလည်းကောင်း၊ စဉ့်ကူးမြို့နှင့် အနီးတစ်ဝိုက်တို့ကိုလည်းကောင်း အဆင့်ဆင့်ခြေကုပ်ယူထိုးစစ်ဆင်၍ အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ထို့ပြင် သပိတ်ကျင်းဘက်မှ နယ်မြေရှင်းလင်းချီတက်လာသည့် တပ်မတော်စစ်ကြောင်းများသည် အောက်တိုဘာ ၁၁ ရက်တွင် သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာ၊ အောက်တိုဘာ ၁၃ ရက်တွင် ဖော့တောလမ်းဆုံ၊ ဒီဇင်ဘာ ၁၈ ရက်တွင် ဇရပ်ကွင်းကျေးရွာမှတစ်ဆင့် ဒီဇင်ဘာ ၂၂ ရက်တွင် လိပ်ကျကျေးရွာသို့ နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သကဲ့သို့ စဉ့်ကူးဘက်မှ ချီတက်လာသည့် တပ်မတော်စစ်ကြောင်းများကလည်း စဉ့်ကူးမြို့နယ် လက်ပံလှကျေးရွာမှ ဒီဇင်ဘာ ၂၈ ရက်တွင် ကျည်တောက်ပေါက်ကျေးရွာ ဒီဇင်ဘာ ၂၉ ရက်တွင် သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာ၊ ဒီဇင်ဘာ ၃၁ ရက်တွင် လိပ်ကျကျေးရွာသို့ နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ထိုစစ်ကြောင်းများသည် လိပ်ကျကျေးရွာနေရာ၌ လက်ချင်းချိတ်ဆက်ပေါင်းဆုံခဲ့ကာ မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်းကို အပြည့်အဝထိန်းချုပ်စိုးမိုးဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ထိုသို့ မျိုးချစ်သူရဲကောင်းတပ်မတော်သားများ၏ ရှုပ်ရှုပ်ချုံချုံသက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများက မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်းဒေသတစ်ဝိုက် တည်ငြိမ်အေးချမ်းမှုရှိစေပြီး ထိုဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ ပြည်သူလူထုများစိတ်အေးချမ်းလုံခြုံစွာ သွားလာအသုံးပြုနိုင်ရေး၊ ထိုဒေသအနီးဝန်းကျင်ရှိ ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝများ လုံခြုံစေရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့လာစေရေးနှင့် နိုင်ငံ့စီးပွားတိုးတက်ရေးအထောက်အကူပြုသည့် မြေပေါ်၊ မြေအောက် သယံဇာတများကို စနစ်တကျစီမံဆောင်ရွက်နိုင်ရေးအတွက် များစွာအကျိုးပြုသည့်အတွက် သားကောင်းဇာနည်အောင်စစ်သည်တို့၏ စွမ်းဆောင်ချက်များကို လေးစားမိပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။

# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**တမူး ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၁၈၉ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြို့သစ်မြို့နယ်တွင် ၁၆၁၂ ဧက၊ တမူးမြို့နယ်တွင် ၂၂၂၇ ဧကနှင့် ခါမ်းပါတ်မြို့တွင် ၂၁၇၈ ဧက စုစုပေါင်း ၆၀၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၄၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ အခုလက်ရှိအချိန်မှာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုအနေနဲ့လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာ စတဲ့သီးနှံတွေ ဖြစ်ပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၁၈၉ ဧက၊ တမူးမြို့နယ်တွင် ဧက ၁၅၀၀ နှင့် ခါမ်းပါတ်မြို့တွင် ဧက ၁၅၀၀ စုစုပေါင်း ၄၁၈၉ ဧကဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်သီးနှံစုံကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်သီးနှံစုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးရှဉ့်များ တင်ပို့ရောင်းချမှု အားကောင်းလာခြင်းသည် အဆိုပါဒေသမှထွက်ရှိသော ငါးရှဉ့်များသည် လတ်ဆတ်ပြီး အရည်အသွေး ကောင်းမွန်သောကြောင့် ဝယ်ယူစားသုံးသူများ ပြားလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ သိသိသာသာကို တင်ပို့အားကောင်းခဲ့ပါတယ်။ အရင်လကထက် ငါးရှဉ့်ပိဿာချိန် ၃၅၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးရှဉ့်တွေ တင်ပို့ရောင်းချအားတက်ခဲ့တာကလဲ ဒီဒေသထွက် ငါးရှဉ့်တွေက လတ်ဆတ်ပြီးအရည်အသွေး ကောင်းမွန်တာကြောင့် စားသုံးသူများလာတာကြောင့်ပါ။ ဒေသထွက်ငါးရှဉ့်တွေကို ရန်ကုန်မြို့ကိုပဲ အဓိကတင်ပို့တာပါ။ ရန်ကုန်ကနေတစ်ဆင့် အခြားမှာ ယူတဲ့ဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ အခုလို ဝယ်ယူမှုအားကောင်းလာတော့ ငါးရှဉ့်မွေးမြူသူတွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ မှ ၂၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသတွင် ငါးရှဉ့်မွေးမြူရေးလုပ်ငန်းနှင့် သဘာဝအတိုင်း ချောင်း၊ အိုင်၊ မြောင်း၊ လယ်ကွင်းများမှ ရှာဖွေဖမ်းဆီးရရှိသည့် ငါးရှဉ့်များ ထွက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် ဖလန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖလန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၁ ဒသမ ၈၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖလန်ကန်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၁ ဒသမ ၈၅ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အုတ်တွင်းမြို့နယ် ဂုံးကျော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်တွင်း ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တင်းကုတ္တန်းကျေးရွာအုပ်စု ဂုံးကျော်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ဂုံးကျော်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ၊ စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် သိန်း ၆၀၀ ကိုမြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဂုံးကျော်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၃၈၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၂၁၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၆၀၀ ထုတ်ချေးပေးခဲ့ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်ထံမှ သိရသည်။

**ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေးမြို့ လမ်း ၄၀ နှင့် ၈၁ လမ်းထောင့်နေ ဒေါက်တာ ဦးလှခိုင်-ဒေါ်ခင်သန်းနု မိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းက လက်ခံရယူစဉ်။

# အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၅၀၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၅၀၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၈၁၉၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၅၀၁၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"အရာတော်မြို့နယ်အတွင်း ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲ ၈၁၉၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်နေပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ကုလားပဲစိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးသည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

**(၂၀၆)**

# တောင်တွင်းကြီးမြို့နယ် ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စာရင်းဇယားပုံစံများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄၇ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

# မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ပခန်းစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မြန်အောင် ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ပခန်းစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြန်အောင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ပခန်းစပါး တင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ပခန်းစပါး တင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မြန်အောင်မြို့နယ်ကနေ ဒီဇင်ဘာလအတွင်း ပခန်းစပါး တင်းရေအများအပြား တင်ပို့ရောင်းချခဲ့ရတယ်။ မြန်အောင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ ပခန်းစပါးတွေက အရည်အသွေး တော်တော်ကောင်းပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက် ဝယ်လက်တွေက ဝယ်ယူမှုများနေလို့ အရောင်းအဝယ် ကောင်းနေတာဖြစ်ပါတယ်။ ပြည်တွင်းဆန်စပါးဈေးကွက်မှာကို ပခန်းစပါးက အဝယ်လိုက်နေတာဖြစ်ပါတယ်"ဟု မြန်အောင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြောင်း ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# အာလူးစားသုံးခြင်းဖြင့် ရရှိနိုင်သည့်ကျန်းမာရေးအကျိုးကျေးဇူးများ

**အာလူး**

လူအများနှစ်ခြိုက်စွာ စားသုံးလေ့ရှိပြီး အင်္ဂလိပ်လို Potato ဟုခေါ်သော အာလူးသည် စပါး၊ ဂျုံ၊ ပြောင်း ပြီးလျှင် ကမ္ဘာ့စားနပ်ရိက္ခာအတွက် စတုတ္ထမြောက်အများဆုံး စိုက်ပျိုးထုတ်လုပ်သော ကစီဓာတ်ကြွယ်ဝသည့် ဥစားသီးနှံမျိုးဖြစ်သည်။ အာလူးကို အိမ်တိုင်းတွင် ဆောင်ထားလေ့ရှိပြီး အာလူးကိုပြုတ်၍ဖြစ်စေ၊ ကြော်၍ဖြစ်စေ၊ မီးဖုတ်၍ဖြစ်စေ၊ အသား၊ ဥနှင့်ရော၍ဖြစ်စေ၊ ထောင်း၍ဖြစ်စေ၊ အသုပ်ထဲတွင်ထည့်၍ဖြစ်စေ၊ ပူတင်း၊ ဆန္ဒင်းမကင်းပြုလုပ်၍ဖြစ်စေ စားသုံးကြသည်။ အာလူးသည်ကျန်းမာရေးအတွက်လည်း အထောက်အကူပြုသည်။ အာလူးသည် Solanaceae မျိုးရင်းဖြစ်ပြီး သိပ္ပံနည်းကျခေါ်သော Binomial Name မှာ Solanum Tuberosum ဖြစ်သည်။ အာလူးသီးသည် မြေသြဇာထက်သန်၍ မြေတွင်းအစိုဓာတ်လုံလောက်သော အအေးပိုင်းဒေသများတွင် ဖြစ်ထွန်းပြီး စွတ်စိုထိုင်းမှိုင်းမှုနည်း၍ တောက်ပသည့်နေရောင်ခြည်ကို ကြိုက်နှစ်သက်သည်။

**အာလူး၏မူရင်းဒေသ**

အာလူး၏မူရင်းဒေသများမှာ မျိုးဗီဇနည်းပညာ၏ ခွဲခြားသတ်မှတ်ချက်အရ ပီရူးနိုင်ငံတောင်ပိုင်းနှင့် ဘိုလီဗီးယားအနောက်တောင်ပိုင်းဒေသများ ဖြစ်ကြသည်။ ဥရောပနိုင်ငံများသည် ယခင်က အာလူးကို အများဆုံးစိုက်ပျိုးခဲ့ကြသော်လည်း လွန်ခဲ့သော ဆယ်စုနှစ်များတွင်မူ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၌ အာလူးကို ပိုမိုတိုးချဲ့စိုက်ပျိုးလာကြသည်။ ၎င်းတို့အနက်မှ တရုတ်၊ အိန္ဒိယ၊ ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် အာလူးအများဆုံး စိုက်ပျိုးထုတ်လုပ်ပြီး တင်ပို့ရောင်းချသည့်နိုင်ငံများ ဖြစ်လာကြသည်။

**အာလူးတွင်ပါဝင်သောအာဟာရဓာတ်များ**

အရွယ်တော်အာလူးတစ်လုံးတွင် လူ့ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်များဖြစ်သည့် ကယ်လိုရီ၊ အမျှင်ဓာတ်၊ ကာဗိုဟိုက်ဒရိတ်-ကစီဓာတ်၊ အဆီ၊ အသားဓာတ်-ပရိုတင်း၊ ဗီတာမင် C၊ ဗီတာမင် B6၊ ပိုတက်စီယမ်(K)၊ မဂ္ဂနီးစ် (Mn)၊ မဂ္ဂနီစီယမ် (Mg)၊ ဖော့စဖရက် (K)၊ နီယာစင်(Niacin)နှင့် ဖောလစ်အက်စစ်တို့ပါဝင်သည်။ အာလူးသီးအခွံ၌လည်း အာဟာရဓာတ်များစွာ ပါဝင်သောကြောင့် အခွံမခွာဘဲ ချက်ပြုတ်စားသုံးနိုင်သည်။ သစ်သီးနှင့် ဟင်းသီးဟင်းရွက်စားသုံးပေးခြင်းဖြင့် ကျန်းမာရေးအတွက် အကျိုးများသည်။ အာလူး၏ ကျန်းမာရေးအတွက် ပေးသည့်အထောက်အကူများစွာကို ဆက်လက်ဖော်ပြပေးလိုသည်။

**နှစ်ခြိုက်စွာအိပ်ပျော်စေနိုင်ခြင်း**

အာလူးတွင်ပါဝင်သော ပိုတက်စီယမ်(K)ဓာတ်သည် ကြွက်သားများကို သက်တောင့်သက်သာဖြစ်စေပြီး နှစ်ခြိုက်စွာ အိပ်ပျော်စေနိုင်သည်။

အာလူးတွင် ကြွယ်ဝစွာပါဝင်သော ဗီတာမင် B6 သည် ကာဗိုဟိုက်ဒရိတ်နှင့် ပရိုတင်းတို့ကို ဂလူးကို့စ်နှင့် အမိုင်နိုအက်စစ်အဖြစ်ချေဖျက်ပေးပြီး ဇီဝကမ္မဖြစ်စဉ်ကို တိုးတက်စေနိုင်သည်။ ခန္ဓာကိုယ်တွင် အားအင်ပြည့်နေစေရန် အာလူးက အကောင်းဆုံးအားဖြည့်ပေးနိုင်သည်။

**သွေးတွင်းသကြားဓာတ်ကိုထိန်းချုပ်ပေးနိုင်ခြင်း**

အာလူးကို စားသုံးသူများအနေဖြင့် အာလူးတွင်ပါဝင်သည့် ကစီဓာတ်ကို ခန္ဓာကိုယ်ကစုပ်ယူလိုက်သည့်အခါ အားအင်အဖြစ် ပြောင်းလဲပေးသည်။ အူမကြီးထဲတွင်ရှိနေသည့် ကိုယ်ခန္ဓာအကျိုးပြု ဗက်တီးရီးယားများကို အားဖြစ်စေသောကြောင့် ကျန်းမာစေသည်။ ဆီးချိုရောဂါသည်များတွင် တွေ့ရသည့် အင်ဆူလင်မတိုးတော့သည့်ပြဿနာ ((Insulin Resistance) ကို ကာကွယ်ပေးနိုင်သည်။ ခန္ဓာကိုယ်က အင်ဆူလင်ကိုကောင်းစွာ ထုတ်လုပ်ပေးနိုင်စေရန်လည်း ကူညီပေးသည်။ အာလူးတွင်ပါဝင်သည့် ကိုယ်ခန္ဓာအကျိုးပြု ကစီဓာတ်ကိုတိုးစေရန် အာလူးကိုပြုတ်ပြီး ရေခဲသေတ္တာထဲ တစ်ညသိပ်ထားပြီး မနက်နိုးလာသည့်အခါတွင် အေးနေသည့်အတိုင်း စားပေးလျှင် အကောင်းဆုံးဖြစ်သည်။



အာလူးတွင်ပါဝင်သည့် Choline အာဟာရဓာတ်က ကြွက်သားများလှုပ်ရှားမှုကောင်းစေရန်၊ စိတ်ခံစားမှုကောင်းမွန်စေရန်၊ သင်ယူမှုစွမ်းရည်ကောင်းစေရန်နှင့် မှတ်ဉာဏ်ကောင်းမွန်စေရန် အကောင်းဆုံးထောက်ပံ့ပေးနိုင်သည်။

**နှလုံးကျန်းမာရေးကို ကောင်းမွန်စေခြင်း**

အာလူးတွင် အမျှင်ဓာတ်၊ ပိုတက်စီယမ် (K)၊ ဗီတာမင် C၊ ဗီတာမင် B6 တို့ ကြွယ်ဝစွာပါဝင်ပြီး ကိုလက်စထရောပါဝင်မှုမရှိသောကြောင့် နှလုံးကျန်းမာရေးကို အထောက်အကူပြုသည်။ အမျှင်ဓာတ်က ခန္ဓာကိုယ်၏သွေးတွင်းကိုလက်စထရောကို လျော့ကျစေနိုင်သောကြောင့် နှလုံးထိခိုက်စေသည့် အန္တရာယ်မှ လျော့ကျစေပြီး နှလုံးရောဂါခံစားရနိုင်ခြေကို ကျဆင်းစေနိုင်သည်။

**သွေးဖိအားကိုကောင်းမွန်စေခြင်း**

အာလူးတွင် ပိုတက်စီယမ်၊ ကယ်လ်စီယမ်နှင့် မဂ္ဂနီစီယမ်တို့ပါဝင်မှုကြောင့် သွေးကြောများကို ပိုမိုကျယ်လာစေပြီး သွေးဖိအားကိုလည်း ထိန်းသိမ်းပေးနိုင်သည်။ ဆိုဒီယမ်လျှော့စားခြင်းဖြင့် သွေးပေါင်ချိန်ကို ထိန်းညှိပေးနိုင်သည့် အကောင်းဆုံးနည်းလမ်းဖြစ်သည့်အပြင် ပိုတက်စီယမ်ကြွယ်ဝသည့် အစားအစာများ စားသုံးပေးခြင်းဖြင့်လည်း သွေးမတိုးစေရန် အကောင်းဆုံးကာကွယ်ရာရောက်သည်။ ပိုတက်စီယမ်က သွေးကြောနံရံများကိုကျယ်စေပြီး သွေးစီးဆင်းမှုကောင်းစေသဖြင့် သွေးပေါင်ချိန်ကို အကောင်းဆုံးထိန်းညှိပေးသည့် သဘာဝသွေးတိုးကျစေသည့် စားသုံးစရာတစ်ခုဖြစ်သည်။

**အရိုးကျန်းမာရေးကိုကောင်းမွန်စေခြင်း**

အာလူးတွင်ပါဝင်သည့် သံဓာတ် (Fe)၊ ဖော့စဖရက် (P)၊ ကယ်လ်စီယမ် (Ca)၊ ဇင့် (Zn) နှင့် မဂ္ဂနီစီယမ် (Mg) တို့က ခန္ဓာကိုယ်၏အရိုးဖွဲ့စည်းမှုနှင့် သန်မာမှုကို ထိန်းသိမ်းပေးနိုင်သည့်အတွက် အရိုးများကို သန်မာစေသည့်အပြင် အရိုးကျန်းမာစေရန် လိုအပ်သည့် ကော်လာဂျင်ဓာတ်ရှိမှုကို လှုံ့ဆော်ပေးသည်။ အရိုးပွခြင်းမျိုးကဲ့သို့မဖြစ်စေရန် ကယ်လ်စီယမ်နှင့်ဖော့စဖရက်က အကောင်းဆုံး အားဖြည့်ပေးပါသည်။

**ဦးနှောက်နှင့်အာရုံကြောအတွက်ကောင်းမွန်စေခြင်း**

အာလူးတွင်ပါဝင်သော ဗီတာမင် B6 သည် အာရုံကြောကျန်းမာရေးအတွက် အထူးကောင်းမွန်စေပြီး စိတ်ဓာတ်ကျခြင်းနှင့် စိတ်ဖိစီးမှုများကိုလည်း ကူညီပေးနိုင်သည်။

**ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်ခြင်း**

အာလူးတွင်ပါဝင်သောဓာတ်များသည် ကင်ဆာအမျိုးမျိုးကို ကာကွယ်ပေးနိုင်သည်။ အထူးသဖြင့် အာလူးတွင် Folate ပါဝင်နေပြီး ကင်ဆာဆဲလ်များ မပြန့်စေရန် ကာကွယ်ပေးသည်။ အမျှင်ဓာတ်ပါဝင်မှုနေမှုကြောင့်လည်း အစာခြေစနစ်ကို ကောင်းစေပြီး အူမကြီးကင်ဆာမဖြစ်ပွားစေရန် အကောင်းဆုံးအားဖြည့်ပေးနိုင်သည်။ အာလူးတွင် ပါဝင်သည့် ဗီတာမင် C က ကွာစီတင်း (Quercetin) ဆဲလ်များကို ဓာတ်တိုးပစ္စည်းများကြောင့် ထိခိုက်မှုမဖြစ်စေရန် ကာကွယ်ပေးသည်။

အာလူးတွင်ပါဝင်သော အမျှင်ဓာတ်က အစာကြေစေပြီး ဝမ်းမှန်စေကာ ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပြီး အစာခြေစနစ်ကို ပုံမှန်အတိုင်းဖြစ်စေသည့်အတွက် အစာခြေစနစ်ကို အားကောင်းစေသည်။

**ကိုယ်အလေးချိန်ထိန်းညှိပေးခြင်း**

အာလူးတွင် ဂလူတန် (Gluten) သည် အဆာခံသဖြင့် ကိုယ်အလေးချိန်ချလိုသူများအတွက်လည်း သင့်လျော်သည်။ အာလူး၏ အမျှင်ဓာတ်ကြွယ်ဝမှုသည် အစာခြေစနစ်အတွက် အရေးပါပြီး ဗိုက်ပြည့်နေစေသည့်အတွက် အစာစားချင်စိတ်ကို လျှော့ချပေးပြီး ကိုယ်အလေးချိန်ကို ထိန်းညှိပေးနိုင်သည်။ ထို့ပြင် ကိုယ်အလေးချိန် ထိန်းညှိချင်သူများ၊ ကိုယ်အလေးချိန်ကို ထိန်းနေသည့် အားကစားသမားများအနေဖြင့် နေ့စဉ်ပုံမှန်အာလူးကို ဖုတ်၍ဖြစ်စေ၊ ပြုတ်၍ဖြစ်စေနှင့် ထောင်း၍ဖြစ်စေ စားသုံးပေးခြင်းဖြင့် အားအင်ကိုလည်းဖြစ်စေသကဲ့သို့ ကျန်းမာရေးနှင့်လည်းညီညွတ်စေသည်။ အာလူးကို အဆီ၊ ဆားကဲ့သို့ အငန်ဓာတ်များ လုံးဝမဖြည့်ဘဲ စားသုံးပေးခြင်းဖြင့် ကိုယ်အလေးချိန်ကျစေရန် ထောက်ကူပေးသကဲ့သို့ ခန္ဓာကိုယ်အတွက်လိုအပ်သည့်အာဟာရများကို ဖြည့်ပေးနိုင်သည်။ ထို့ပြင် ကိုယ်အလေးချိန်ထိန်းချင်သူများအနေဖြင့် အာလူးက အထိရောက်ဆုံးဖြစ်သည်။

**ကိုယ်ခံစွမ်းအားကိုကောင်းမွန်စေခြင်း**

အာလူးတွင် ဗီတာမင် C ကြွယ်ဝစွာပါဝင်မှုကြောင့် ကိုယ်ခံစွမ်းအားကိုလည်း တိုးတက် ကောင်းမွန်စေပြီး အအေးမိ၊ ဖျားနာခြင်းမဖြစ်အောင် ကာကွယ်ပေးသည်။ အာလူးတွင် ပါဝင်သည့်ဓာတ်များစွာက ခန္ဓာကိုယ်ရောင်ရမ်းမှုကို သက်သာစေသည်။

**အသားအရေကြည်လင်စေခြင်း**

အာလူးကို အမည်းစက်များပျောက်ကင်းရန် အသုံးပြုနိုင်သည်။ အာလူးကိုအခွံနွှာပြီး ကြေညက်အောင်ကြိတ်ချေ၍ မျက်နှာပေါ်က အမည်းစက်များပေါ်သို့ ငါးမိနစ်ခန့်လိမ်းပေးထားပြီး ရေအေးဖြင့် မျက်နှာသစ်ပေးခြင်းကို မကြာခဏပြုလုပ်ပေးခြင်းဖြင့် မျက်နှာပေါ်မှ အမည်းစက်များကို ပျောက်ကင်းစေပါသည်။

အသားအရေကြည်လင်ဝင်းပစေရန် အာလူးအစိမ်းတစ်လုံးကို ပါးပါးလှီးပြီး မျက်နှာပေါ်တွင် နာရီဝက်ခန့်ကပ်ပေးထားပြီး ရေအေးအေးဖြင့် ပုံမှန်အတိုင်း မျက်နှာသစ်ပေးခြင်းကို ညစဉ်ပြုလုပ်ပေးခြင်းဖြင့် အသားအရေကို ကြည်လင်းဝင်းလက်တောက်ပလာစေမှာဖြစ်သည်။

**အရေပြားကျန်းမာစေခြင်း**

ကော်လာဂျင်က အရေပြားကျန်းမာစေရန် အကောင်းဆုံးအားဖြည့်ပေးသည်။ ဗီတာမင် C သည် ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် လုပ်ဆောင်ပေးပြီး အရေပြားကို နေဒဏ်၊ ညစ်ညမ်းမှုဒဏ်များကြောင့် ထိခိုက်ပျက်စီးမှုမရှိစေရန် ကာကွယ်ပေးသည်။ ဗီတာမင် C က ကော်လာဂျင်ထွက်ရှိ အောင်လှုံ့ဆော်ပေးပြီး အသားအရေကို အရေးအကြောင်းကင်းပြီး ကျန်းမာလှပစေသည်။

အရွယ်မတိုင်ခင် အရေးအကြောင်းဖြစ်ပေါ်ခြင်းကို ကြိုတင်ကာကွယ်ချင်လျှင် အာလူးကို ကြေညက်အောင်ကြိတ်ခြေပြီး ကြက်ဥအကာနှင့်ရောမွှေ၍ မျက်နှာတွင်လိမ်းထားပြီး ခပ်တင်းတင်းလေးဖြစ်လာလျှင် ရေနှင့်ဆေးချခြင်းကို တစ်ပတ်လျှင် သုံးကြိမ်ခန့် ပြုလုပ်ပေးခြင်းဖြင့် အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကြောင့် မျက်နှာတွင် အရေးအကြောင်းဖြစ်ခြင်းကို ကာကွယ်ပေးနိုင်သည်။

ထို့ပြင် အာလူးကို အပြားအချပ်ကလေးများလှီးပြီး ဝက်ခြံပေါက်သည့်နေရာတွင် ကပ်ထားပေးပြီး မျက်နှာသစ်ပေးခြင်းကို မကြာခဏပြုလုပ်ပေးခြင်းဖြင့် ဝက်ခြံများကို သက်သာပျောက်ကင်းစေမည်ဖြစ်သည်။

**အာလူး၏အဆိပ်အတောက်ဖြစ်တတ်ခြင်း**

အာလူးတွင် ကျန်းမာရေးအတွက် အာဟာရဓာတ်များစွာ ပါဝင်သည့်အပြင် Solanine နှင့် Chaconine ဟုခေါ်သည့် Glycoalkaloid သဘာဝပစ္စည်းနှစ်မျိုးလည်း ပါဝင်နေသည်။ ထိုပစ္စည်းနှစ်မျိုးကို အနည်းငယ်သာစားသုံးပေးမည်ဆိုပါက ရောဂါပိုးမွှားများကို တိုက်ဖျက်ပေးနိုင်သည့် အစွမ်းသတ္တိရှိပြီး သွေးတွင်းအဆီဓာတ်နှင့် အချိုဓာတ်များကို ထိန်းညှိပေးနိုင်သည့်သတ္တိများ

စာမျက်နှာ ၅ သို့ á

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## လွတ်လပ်ရေးကိုတန်ဖိုးထား

- လွတ်လပ်ရေးဟာ
  ပေးပါ ပေးပါ တောင်းဆိုကာဖြင့်
  ရလာခဲ့သည်မဟုတ်ပေ။

- အမျိုးသားရေး နိုးကြားသွေးဖြင့်
  သက်ပေးစွန့်စား တို့ဘိုးဘွားတွေ
  ကြိုးစားတော်လှန် အဖန်ဖန်ပင်
  ကြံဆောင်ပါမှရခြင်းတည့်။

- **"ထီးသုဦး နန်းသုဦး၊
  မြို့သုဦးသုည သုဦးသုံးဝဖြင့်
  သုဦးရပြန်လစ် သုညခေတ်ဝယ်
  လူဖြစ်ရပေ တို့တစ်တွေသည်
  သေသော်မှတည့် သြော်ကောင်း၏"** ဟု
  ညွှန်းပြုဆိုထား ပမာလားသွင်
  ဆိုးရွားလှစွာ တို့မြန်မာတို့
  အချုပ်ခြာပျောက် နယ်ချဲ့အောက်ကို
  ကျရောက်ချိန်ခါ ကြုံရပါသော
  ရင်နာဖွယ်ရာ အဖြာဖြာကို
  ပြန်ကာတွေးမြင် တို့ဆင်ခြင်၍
  ပြည်ခွင်သာရေးစွမ်းဆောင်အား
  ပိုမိုထက်သန်ကာပွားများ
  လွတ်လပ်ရေးကိုတန်ဖိုးထား။ ။

အင်ကြင်းသူ(နေပြည်တော်)

## တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် ပဲတီစိမ်း ၄၈၉၁ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ပဲတီစိမ်းစိုက်ပျိုးမှုကို ၂၀၂၅ ခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၈၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပဲတီစိမ်း ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် တန့်ဆည်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

စာမျက်နှာ ၄ မှအဆက်

ရှိနေသော်လည်း လွန်ကဲစွာ စားသုံးမိလျှင် ခန္ဓာကိုယ်အတွက် အဆိပ်အတောက်ဖြစ်စေသည်။ အာလူးတစ်လုံးတွင် Glycoalkaloid များပါဝင်သော်လည်း အာလူး၏အတက်ကလေးများ၊ စိမ်းနေသည့်နေရာများတွင် အများဆုံးပါဝင်နေ ကြောင်းသိရသည်။ ထိုနေရာများကို အနည်းငယ်သာစားသုံးမိပါက အန်ခြင်း၊ ဝမ်းလျှောခြင်းနှင့် ဗိုက်နာခြင်းသာဖြစ်နိုင်သော်လည်း လွန်ကဲစွာ စားသုံးမိပါကဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ သွေးပေါင်ကျခြင်း၊ သွေးခုန်နှုန်းမြန်ခြင်းနှင့် အချို့သူများတွင် အရမ်းဆိုးရွားပြီး အသက်အန္တရာယ်ရှိသည်ထိ ဖြစ်နိုင်သည်။

**အာလူး၏ဆိုးကျိုးများ**

အာလူးအခွံတွင် အစိမ်းရောင်ဖြစ်နေသည်နေရာကို တွေ့ပါက ထိုနေရာသည် အဆိပ်ဖြစ်စေသဖြင့် ၎င်းကိုကွင်း၍ လှီးပစ်ရမည်ဖြစ်ပြီး အာလူးအခွံခွာသည့်အခါတွင် ခြစ်ပစ်ခြင်းမျိုးမပြုလုပ်ဘဲအသားနဲ့နဲပါအောင်ခွာထုတ်ပြီး ရေစင်စင်ဆေးပြီးမှချက်ပြုတ်ကြော်လှော်ရမည်။

**အနှစ်ချုပ်**

ဥစားသီးနှံအဖြစ် လူကြိုက်များထင်ရှားသည့်အာလူးတွင်ပါဝင်သော Antioxidant များသည် နာတာရှည်ရောဂါများဖြစ်သည့် နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့် ကင်ဆာရောဂါများကို မဖြစ်ပွားစေရန်ကာကွယ်ပေးပြီး အသည်းနှင့်အူမကြီးတွင်ရှိသည့် ရောဂါဆဲလ်များကိုလည်း တိုက်ဖျက်ပေးနိုင်သည့်အပြင် အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းကိုလည်း ကာကွယ်ပေးသည်။ ဤကဲ့သို့ ကျန်းမာရေးကောင်းကျိုးများစွာရှိနေသော အာလူးကို အစာလည်းဆေး၊ ဆေးလည်းအစာဆိုသကဲ့သို့ ကျန်းမာရေးအကျိုးကျေးဇူးများရရှိစေရန် သင့်တင့်မျှတစွာ စားသုံးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာလပြည့်ခင်**

## မိုင်းယန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းယန်းမြို့နယ် ကော်နမ့်ခဲဝမ်မိုင်ကျေးရွာနှင့်ကော်နန့်ခဲကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့်ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကော်နမ့်ခဲဝမ်မိုင်ကျေးရွာနှင့် ကော်နန့်ခဲကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၂၂ ဒသမ ၅ သန်းနှင့် မွေးမြူရေးလုပ်ငန်းကိုင်သူ ငါးဦးကို ငွေကျပ် ၇ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

## နိုင်ငံတကာ သတင်းများ

# ယူရိုငွေကြေးဇုန်အတွင်း ဘူလ်ဂေးရီးယားနိုင်ငံဝင်ရောက်

**ဆိုဖီယာ ဇန်နဝါရီ ၂**

ဘူလ်ဂေးရီးယား နိုင်ငံသည် ဇန်နဝါရီ ၁ ရက်တွင် ယူရိုငွေကြေးဇုန်၌ ၂၁ ဦးမြောက် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူရိုငွေကြေးဇုန် အတွင်း ဝင်ရောက်နိုင်ခဲ့မှုကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ဆိုဖီယာမြို့ ဗဟိုဘဏ်၌ ယူရိုဒင်္ဂါးများ ခင်းကျင်းပြသခဲ့ပြီး ပြည်သူများကလည်း မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့ကြသည်။

ယူရိုငွေကြေးဇုန်၌ ဘူလ်ဂေးရီးယား နိုင်ငံ ပါဝင်လာမှုကြောင့် ယူရိုငွေကြေးစနစ် သုံးစွဲသည့် ဥရောပတိုက်သားဦးရေမှာ သန်း ၃၅၀ ကျော်ထိ ရှိလာမည်ဖြစ်သည်။

ဘူလ်ဂေးရီးယားနိုင်ငံ မတိုင်မီ ယူရိုငွေကြေးဇုန်အတွင်း နောက်ဆုံးဝင်ရောက်ခဲ့သည့် နိုင်ငံမှာ ခရိုအေးရှားနိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ယူရိုငွေကြေးဇုန် အတွင်း ဝင်ရောက် နိုင်ခဲ့ပြီးနောက် ဘူလ်ဂေးရီးယားနိုင်ငံသည် ၎င်း၏ ကိုယ်ပိုင်ငွေကြေးစနစ်ကို စွန့်လွှတ်ရမည်ဖြစ်သည်။

ဘူလ်ဂေးရီးယား နိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့ဝင်ဖြစ်လာသည့် ၂၀၀၇ ခုနှစ်မှစ၍ ယူရိုငွေကြေးဇုန် တွင် အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေး အတွက် စတင်ကြိုးပမ်းခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# ယီမင်နိုင်ငံ အေဒင်နိုင်ငံတကာလေဆိပ်၌ လေကြောင်းခရီးစဉ်များ ရပ်ဆိုင်းထား




**ဆာနား ဇန်နဝါရီ ၂**

ဆော်ဒီအာရေဗျနှင့် ယူအေအီး နှစ်နိုင်ငံကြား တင်းမာမှုမြင့်တက်လာမှုကြောင့် ယီမင်နိုင်ငံ အေဒင်နိုင်ငံတကာလေဆိပ်၌ လေကြောင်းခရီးစဉ်များ ရပ်ဆိုင်းထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အေဒင် နိုင်ငံတကာလေဆိပ်သည် ဟူသီသူပုန်အုပ်စု၏ထိန်းချုပ်မှုအောက်တွင်ရှိမနေသည့် ယီမင်နယ်မြေများအတွက် ပြင်ပကမ္ဘာနှင့် ချိတ်ဆက်ပေးထားသော အဓိကဝင်ပေါက် ထွက်ပေါက်ဖြစ်သည်။

ယီမင်နိုင်ငံ၌ ဩဇာလွှမ်းမိုးနိုင်ရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းနေကြသည့် ဆော်ဒီအာရေဗျနှင့် ယူအေအီးနိုင်ငံတို့ကြား တင်းမာမှုများမြင့်တက်ချိန်တွင် အေဒင်နိုင်ငံတကာလေဆိပ်၌ ခရီးစဉ်များ ရပ်ဆိုင်းထားခြင်းဖြစ်သည်။

ယူအေအီးနိုင်ငံသည် ယီမင်နိုင်ငံ တောင်ပိုင်းနေရာ အများအပြားကို ထိန်းချုပ်ထားကာ တောင်ပိုင်း အသွင်ကူးပြောင်းရေး ကောင်စီ အမည်ရှိ ခွဲထွက်ရေးအုပ်စုကို ကျောထောက်နောက်ခံ ပေးထားပြီး ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် နိုင်ငံတကာအသိအမှတ်ပြု ယီမင်အစိုးရကို ကျောထောက်နောက်ခံ ပေးထားခြင်းဖြစ်သည်။

တောင်ပိုင်း အသွင်ကူးပြောင်းရေးကောင်စီအား ယူအေအီးနိုင်ငံက ထောက်ခံအားပေးနေမှုကို ဆော်ဒီအာရေဗျတောင်ပိုင်းအတွက် ခြိမ်းခြောက်မှုအဖြစ် ဆော်ဒီအာရေဗျနိုင်ငံက သတ်မှတ်ထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်များ အတွင်း ယီမင်တောင်ပိုင်းနယ်မြေများကိုတောင်ပိုင်းအသွင်ကူးပြောင်းရေးကောင်စီ လက်အောက်ခံတပ်များက ထပ်မံထိန်းချုပ်ခဲ့ပြီးနောက် ဆော်ဒီအာရေဗျနှင့် ယူအေအီးနိုင်ငံတို့ကြား ဆက်ဆံရေး ပိုမိုတင်းမာလာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဆေးရုံဆင်းလာသည့် ဘရာဇီးသမ္မတဟောင်းကို ဖက်ဒရယ်အကျဉ်းထောင်သို့ ပြန်လည်ပို့ဆောင်

**ဘရာဇီးလီးယား ဇန်နဝါရီ ၂**

အူကျရောဂါ ခွဲစိတ်ကုသမှုခံယူခဲ့ပြီးနောက် ဆေးရုံမှ ပြန်ဆင်းလာသည့် ဘရာဇီးသမ္မတဟောင်း ဘော်လ်ဆိုနာရိုကို ၎င်းပြစ်ဒဏ်ကျခံနေရသည့် ဘရာဇီးလီးယားမြို့ ဖက်ဒရယ်ရဲတပ်ဖွဲ့ အကျဉ်းထောင်သို့ ဇန်နဝါရီ ၁ ရက်တွင် ပြန်လည် ပို့ဆောင်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သမ္မတဟောင်းဘော်လ်ဆိုနာရိုသည်၂၀၂၂ခုနှစ်သမ္မတရွေးကောက်ပွဲ၌ အရေးနိမ့်ခဲ့ပြီးနောက် အာဏာသိမ်းရန် ကြံစည်အားထုတ်မှုဖြင့် ထောင်ဒဏ်၂၇ နှစ် ပြစ်ဒဏ်ချမှတ်ခံထားရသူဖြစ်သည်။

ဘော်လ်ဆိုနာရိုသည် အဆိုပါထောင်ဒဏ်ပြစ်ဒဏ်ကို ကျခံနေစဉ်အတွင်း အူကျရောဂါခွဲစိတ်ကုသမှုခံယူရေးအတွက် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ဆေးရုံသို့တက်ရောက်၍ ခွဲစိတ်ကုသမှုခံယူခဲ့ခြင်းဖြစ်သည်။

ခွဲစိတ်ကုသမှု အောင်မြင်စွာခံယူခဲ့ပြီးနောက် ဇန်နဝါရီ ၁ ရက်တွင် ဆေးရုံမှ ပြန်ဆင်းလာသည့် ဘော်လ်ဆိုနာရိုကို ဘရာဇီးနိုင်ငံတာဝန်ရှိသူများက ဖက်ဒရယ်ရဲတပ်ဖွဲ့ အကျဉ်းထောင်သို့ ပြန်လည် ပို့ဆောင်ခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

အသက် ၇၀ အရွယ် ဘော်လ်ဆိုနာရိုကို လူသားချင်းစာနာထောက်ထားသော အားဖြင့် ထောင်ဒဏ်ပြစ်ဒဏ်ကို နေအိမ်အကျယ်ချုပ်ဖြင့် ကျခံခွင့်ပေးရန် ဘော်လ်ဆိုနာရို၏ အကျိုးဆောင်ရှေ့နေများက အယူခံဝင်ခဲ့သော်လည်း ဘရာဇီး တရားလွှတ်တော်ချုပ်က အဆိုပါအယူခံကို ပယ်ချခဲ့သည်။

သမ္မတဟောင်း ဘော်လ်ဆိုနာရို အနေဖြင့် ဆေးဝါးကုသမှုခံယူပြီးချိန်တွင် ၎င်း၏ပြစ်ဒဏ်ကို အကျဉ်းထောင်၌ပင် ကျခံရမည်ဟု ဘရာဇီးတရားလွှတ်တော်ချုပ်တရားသူကြီးများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အိန္ဒိယနိုင်ငံ၏ အသန့်ရှင်းဆုံးမြို့ဖြစ်သည့် အင်ဒေါမြို့၌ ဝမ်းရောဂါကြောင့် လူကိုးဦး သေဆုံး

**ဒေလီ ဇန်နဝါရီ ၂**

အိန္ဒိယနိုင်ငံ အလယ်ပိုင်း အင်ဒေါမြို့၌ ဝမ်းရောဂါများဖြစ်ပွားခဲ့ပြီးနောက် လူကိုးဦး သေဆုံးခဲ့ပြီး ဦးရေ ၂၀၀ ကျော် ဆေးရုံတင်ထားရကြောင်း ယနေ့သတင်းများတွင် ရေးသား တင်ပြထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အင်ဒေါမြို့၌ ဖြစ်ပွားနေသည့် ဝမ်းရောဂါသည်ညစ်ညမ်းနေသော သောက်သုံးရေများနှင့် ဆက်စပ်နေဖွယ်ရှိကြောင်း အိန္ဒိယ တာဝန်ရှိသူများက ပြောကြားထားသည်။

အင်ဒေါမြို့ ဘာဂီရက်ပုရ်ခရိုင်ရှိ သောက်သုံးရေများမှာ ယိုစိမ့်မှုတစ်ခုကြောင့် ညစ်ညမ်းနေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း အင်ဒေါမြို့ တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် အင်ဒေါမြို့ ဝမ်းရောဂါဘေးကြောင့် သေဆုံးသူကိုးဦးနှင့် ဆေးရုံတင်ထားရသူဦးရေ ၂၀၀ ကျော်ရှိကြောင်း အင်ဒေါမြို့ ရဲတပ်ဖွဲ့က အတည်ပြုထားသည်။

လက်ရှိတွင် အင်ဒေါမြို့ တာဝန်ရှိသူများက ဝမ်းရောဂါဖြစ်ပွားနေသောနေရာများမှ သောက်သုံးရေနမူနာများကို ထပ်မံစစ်ဆေးနေပြီး နောက်ဆုံးအစီရင်ခံစာကို ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ပြောကြားထားသည်။

မဒျာပရာဒေ့ရှ် ပြည်နယ်၌ တည်ရှိသော အင်ဒေါမြို့သည် အိန္ဒိယနိုင်ငံ၏ အသန့်ရှင်းဆုံးမြို့ အဖြစ် သတ်မှတ်ခံထားရသည့် မြို့ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# နယ်သာလန်နိုင်ငံ၌ မီးရှူးမီးပန်းမတော်တဆမှုကြောင့် လူနှစ်ဦး သေဆုံး၍ ခရစ်ယာန်ဘုရားကျောင်းတစ်ကျောင်း မီးလောင်

**အမ်စတာဒမ် ဇန်နဝါရီ ၂**

နယ်သာလန်နိုင်ငံ၌ နှစ်သစ်ကြိုဆိုပွဲ မီးရှူးမီးပန်းမတော်တဆမှုကြောင့် ဒီဇင်ဘာ ၃၁ ရက်တွင် လူနှစ်ဦးသေဆုံးခဲ့ပြီး သမိုင်းဝင် ခရစ်ယာန် ဘုရားကျောင်း တစ်ကျောင်း မီးလောင်ပျက်စီးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နယ်သာလန် ပြည်သူများသည် နှစ်သစ်ကူးပွဲတော်များကို အစဉ်အလာအရ မီးရှူးမီးပန်းများ ပစ်ဖောက်ကြိုဆိုလေ့ရှိကြသည်။

သို့ဖြစ်ရာ နယ်သာလန်နိုင်ငံ၏ နှစ်သစ်ကြိုဆိုပွဲများ၌ မီးရှူးမီးပန်း မတော်တဆမှုကြောင့် နှစ်စဉ် လူရာနှင့်ချီ၍ ဒဏ်ရာရရှိလေ့ရှိပြီး ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာလည်း နှစ်စဉ် ယူရိုငွေ သန်းနှင့်ချီ၍ ရှိတတ်ကြောင်း သိရသည်။

ယခုနှစ် နှစ်သစ်ကူးကြိုဆိုပွဲများတွင် မီးရှူးမီးပန်း ပစ်ဖောက်မှုများကြောင့် လူနှစ်ဦး သေဆုံးခဲ့ကြောင်း နယ်သာလန် တာဝန်ရှိသူများက ယနေ့တွင် အတည်ပြုထားသည်။

ထို့ပြင် ၂၀၂၆ နှစ်သစ်ကြိုဆိုပွဲ မီးရှူးမီးပန်း ပစ်ဖောက်မှုများကြောင့် အမ်စတာဒမ်မြို့လယ်ရှိ ဗွန်ဒဲလ်ကာ့ခ်အမည်ရှိ သမိုင်းဝင် ခရစ်ယာန် ဘုရားကျောင်း တစ်ကျောင်း မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ဗွန်ဒဲလ်ကာ့ခ် ခရစ်ယာန်ဘုရားကျောင်းသည် ၁၈၇၂ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် သမိုင်းဝင်ရှေးဟောင်း ခရစ်ယာန်ဘုရားကျောင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ၂၀၂၅ ခုနှစ်၏ နောက်ဆုံးမစ်ရှင်များအဖြစ် ဒီဇင်ဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဂြိုဟ်တုများဆက်တိုက်လွှတ်တင်



**ပေကျင်း ဇန်နဝါရီ ၂**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ၂၀၂၅ ခုနှစ်၏ နောက်ဆုံးမစ်ရှင်များအဖြစ် ဒီဇင်ဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဂြိုဟ်တုများ ဆက်တိုက်လွှတ်တင်ခဲ့ကြောင်း ဇန်နဝါရီ ၁ ရက်သတင်းများတွင် ဖော်ပြထားသည်။

ဒီဇင်ဘာ ၃၀ ရက်တွင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် တီယန်ဟွီး-၂ အမည်ရှိ ဂြိုဟ်တုကို လောင်းမတ်ချ်-၄ ဘီ ဒုံးပျံဖြင့် တရုတ်နိုင်ငံ အနောက်မြောက်ပိုင် ချိကွမ်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၄ ဘီ ဒုံးပျံသည် တီယန်ဟွီး-၂ ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသ အေဂျင်စီက သတင်း ထုတ်ပြန်ထားသည်။

ထို့ပြင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ဒီဇင်ဘာ ၃၁ ရက်တွင်လည်း ရှီကျိယန်-၂၉ အေ နှင့် ရှီကျိယန်-၂၉ ဘီ ဂြိုဟ်တုများကို လောင်းမတ်ချ်-၇ အေ ဒုံးပျံဖြင့် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဝန်ချန်အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့သည်။ လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၇ အေ ဒုံးပျံသည် ၎င်းဂြိုဟ်တုနှစ်စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့သည်။

ဒီဇင်ဘာ ၃၀ ရက်မစ်ရှင်သည် လောင်းမတ်ချ် ဒုံးပျံများ၏ ၆၂၂ ကြိမ်မြောက် မစ်ရှင်ဖြစ်ပြီး ဒီဇင်ဘာ ၃၁ ရက် မစ်ရှင်သည် ၆၂၃ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## စပေ့အိတ်ကုမ္ပဏီက ၂၀၂၅ ခုနှစ် တစ်နှစ်လုံးတွင် အာကာသမစ်ရှင်အများဆုံး လွှတ်တင်မှုစံချိန် ချိုးနိုင်ခဲ့


**ဝါရှင်တန် ဇန်နဝါရီ ၂**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် ၂၀၂၅ ခုနှစ်တွင် တစ်နှစ်တည်းဖြင့် အာကာသမစ်ရှင်အများဆုံး လွှတ်တင်မှုစံချိန် ချိုးနိုင်ခဲ့ကြောင်း ဇန်နဝါရီ ၁ ရက် သတင်းများအရ သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် ၂၀၂၅ ခုနှစ် တစ်နှစ်လုံးတွင် အာကာသ မစ်ရှင်ပေါင်း ၁၆၅ ခုထိ လွှတ်တင်ခဲ့ကြောင်း သိရသည်။

အထက်ပါ အာကာသမစ်ရှင် ၁၆၅ ခုထဲတွင် Starship ဒုံးပျံသည် စမ်းသပ်လွှတ်တင်မှု ငါးကြိမ်ကို ထည့်သွင်း တွက်ချက်ထားခြင်း မရှိပေ။

နှစ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စပေ့အိတ်ကုမ္ပဏီသည် ၂၀၂၄ ခုနှစ်အတွင်း အာကာသမစ်ရှင် ပေါင်း ၁၃၄ ခုထိ လွှတ်တင်ခဲ့ကြောင်း သိရသည်။



စပေ့အိတ်ကုမ္ပဏီ၏ ၂၀၂၅ ခုနှစ်အတွင်း အာကာသမစ်ရှင်များ လွှတ်တင်မှုနှုန်းသည် တစ်ရက်ခြားတစ်ခါ လွှတ်တင်မှုနှုန်းနှင့် ညီမျှသည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် ၂၀၂၅ ခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် အာကာသမစ်ရှင် ၁၆၅ ခုလုံးကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်၌ ဒိုင်နိုဆောတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဇန်နဝါရီ ၂**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်၌ ဒိုင်နိုဆောတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများကို အမေရိကန် သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်း ခြေရာများသည် သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၁၅၀ ကျော်ထိရှိပြီး ခြေရာလမ်းကြောင်း အရှည်မှာ ပေ ၃၁၀ ထိ ရှိကြောင်း သိရသည်။

သို့ရာတွင် ၎င်းကျောက်ဖြစ်ရုပ်ကြွင်းခြေရာများမှာ တစ်ဖြောင့်တည်းမဟုတ်ဘဲ ကြိုးကွင်းဆက်ပုံစံဖြစ်နေရာ ဒဏ်ရာရဒိုင်နိုဆောတစ်ကောင် သို့မဟုတ် အန္တရာယ်တစ်ခုခုကြောင့် ထွက်ပြေးလာသည့် ဒိုင်နိုဆောတစ်ကောင်၏ ခြေရာများဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းခြေရာများမှာ ဆော်ရိုပေါ့ဒ်အုပ်စုဝင် ဒိုင်နိုဆောတစ်မျိုး၏ ခြေရာများဖြစ်ကြကြောင်း သိရသည်။

ဒဏ်ရာရထားသော သို့မဟုတ် အန္တရာယ်မှ ရှောင်ပြေးလာသော ဒိုင်နိုဆောများ၏ ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများမှာ အလွန်ရှားပါးကြောင်း သိရသည်။

ထိုကဲ့သို့သော ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများကို တရုတ်နိုင်ငံ၌ တွေ့ရှိခဲ့ဖူးသော်လည်း မြေပြိုမှုကြောင့် ပျောက်ဆုံးခဲ့သည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ဆီးကျိတ်ကင်ဆာလူနာများ၏ ပန်းသေပန်းညှိုး ပြဿနာကို Aquablation ကုထုံးဖြင့် တားဆီးနိုင်

**လန်ဒန် ဇန်နဝါရီ ၂**

ဆီးကျိတ်ကင်ဆာ လူနာများ နောက်ဆက်တွဲ ပြဿနာအဖြစ် ရင်ဆိုင်ရတတ်သော ပန်းသေပန်းညှိုးပြဿနာကို Aquablation ခေါ် ကုထုံးတစ်မျိုးဖြင့် တားဆီးပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇန်နဝါရီ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Aquablation ကုထုံးသည် ဆီးကျိတ်အရွယ်အစား ကြီးမားလာမှုပြဿနာ (BPH)ကို ကုသရာတွင် အသုံးပြုသည့် ကုထုံးတစ်မျိုးဖြစ်ကြောင်း သိရသည်။

၎င်းကုထုံးသည် ပိုလျှံနေသည့် ဆီးကျိတ်တစ်ရှူးများကို ဖိအားမြင့် ဆားငန်ရေပန်းတန်းဖြင့် ထိုးခွဲဖယ်ရှားပေးသော ကုထုံးဖြစ်ပြီး BPH ရောဂါကို ကုသရာတွင် ထိရောက်မှုရှိသည်။

ထို့ပြင် ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Aquablation ကုထုံးသည် ဆီးကျိတ်ကင်ဆာလူနာများ၏ ပန်းသေပန်းညှိုးပြဿနာကို ထိရောက်စွာတားဆီးပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်များအရ ဆီးကျိတ်ကင်ဆာရောဂါအတွက် ခွဲစိတ်ကုသမှုခံယူထားရသည့် အမျိုးသားလူနာများသည် ခွဲစိတ်မှုနောက်ဆက်တွဲပြဿနာတစ်ရပ်အဖြစ် ပန်းသေပန်းညှိုးပြဿနာနှင့် ရင်ဆိုင်ရတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အိပ်စက်ချိန်နှင့်လေ့ကျင့်ခန်းပြုလုပ်မှု အတိုင်းအဆဟန်ချက်ညီပါက ရောဂါများဖြစ်ပွားမှုကို လျှော့ချနိုင်

**ကင်ဘာရာ ဇန်နဝါရီ ၂**

အိပ်စက်ချိန် အတိုင်းအဆနှင့် လေ့ကျင့်ခန်းပြုလုပ်မှု အတိုင်းအဆတို့ ဟန်ချက်ညီပါက ရောဂါများဖြစ်ပွားမှုကို လျှော့ချနိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကိုကိုးကား၍ ဇန်နဝါရီ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ ဖလန်းဒါးတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကမ္ဘာတစ်ဝန်းမှ အရွယ်ရောက်သူဦးရေ ၇၀၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာစိစစ်ခဲ့ကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ တစ်ညလျှင် ခြောက်နာရီမှ ခုနစ်နာရီထိ အိပ်စက်သူများသည် အိပ်စက်ချိန် ရှစ်နာရီအထက်ရှိသူများနှင့် နှိုင်းယှဉ်ပါက လေ့ကျင့်ခန်းပိုမိုလုပ်ဆောင်နိုင်သည်ကို တွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

သုတေသနပညာရှင်များ၏ အဆိုအရ တစ်ညလျှင် ခြောက်နာရီ အိပ်စက်ချိန်ရှိသူများသည် အိပ်စက်ချိန် ရှစ်နာရီထိရှိသူများထက် ခြေလှမ်း ၃၄၀ နီးပါးပို၍ လျှောက်နိုင်ကြောင်း၊ အလားတူ တစ်ညအိပ်စက်ချိန်သည် ခုနစ်နာရီ ရှိသူများသည် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ရာတွင် အိပ်စက်ချိန် ရှစ်နာရီရှိသူများထက် ခြေလှမ်း ၂၃၂ လှမ်းပို၍ လျှောက်နိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## WBA စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ရီဆန်ဒစ်ဇ်ထံ လွှဲပြောင်းပေးအပ်

**ပနားမားစီးတီး ဇန်နဝါရီ ၂**

စူပါမစ်ဒယ်ဝိတ်တန်း ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံဟောင်း အမေရိကန်လက်ဝှေ့သမား ခရောဖို့ဒ်သည် လက်ဝှေ့လောကမှ ရုတ်တရက် အနားယူခဲ့ပြီးနောက် WBA အဖွဲ့ချုပ်က စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို မက္ကဆီကို လက်ဝှေ့သမား ရီဆန်ဒစ်ဇ်ထံသို့ လွှဲပြောင်း ပေးအပ်ခဲ့သည်ဟု ထုတ်ပြန်ခဲ့ကြောင်းBoxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရီဆန်ဒစ်ဇ်သည် ယာယီချန်ပီယံတစ်ဦးဖြစ်ပြီး ခရောဖို့ဒ်အနားယူခဲ့သည့်အတွက် ကမ္ဘာ့ချန်ပီယံခါးပတ်ကို လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရီဆန်ဒစ်ဇ်သည် ၂၀၂၅ ခုနှစ်မေလတွင် ယာယီချန်ပီယံအတွက် အမေရိကန်လက်ဝှေ့သမား ပလန့်နှင့် ထိုးသတ်ခဲ့ပြီး Split Decision ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ချန်ပီယံခါးပတ်ကို လက်ခံခဲ့သည့်အတွက် ရီဆန်ဒစ်ဇ်အနေဖြင့် ချန်ပီယံကို စိန်ခေါ်ခွင့်ရရှိထားသူ ဥဇဘက်ကစ္စတန်လက်ဝှေ့သမား ဘက်တီမီရ်၏ စိန်ခေါ်မှုကို လက်ခံ ထိုးသတ်ရမည်ဖြစ်ကြောင်း သိရသည်။

WBA အဖွဲ့ချုပ်က “WBA စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံ ခရောဖို့ဒ်ဟာ လက်ဝှေ့လောက ကနေ အနားယူသွားပြီ ဖြစ်တဲ့အတွက်ကြောင့် ယာယီချန်ပီယံဖြစ်တဲ့ ရီဆန်ဒစ်ဇ်ကို ချန်ပီယံခါးပတ် တရားဝင် လွှဲပြောင်းပေးအပ်လိုက်ပြီဖြစ်ပါတယ်။ ကမ္ဘာ့ချန်ပီယံဖြစ်သွားပြီဖြစ်တဲ့ ရီဆန်ဒစ်ဇ်အနေနဲ့လဲ ချန်ပီယံကို စိန်ခေါ်ခွင့်ရရှိထားတဲ့ ဘက်တီမီရ်ရဲ့ စိန်ခေါ်မှုကို လက်ခံဆွေးနွေးသွားရမှာဖြစ်ပါတယ်” ဟု ထုတ်ပြန်ခဲ့သည်။

ရီဆန်ဒစ်ဇ်သည် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲ ၁၈ ပွဲတွင် ၁၆ ပွဲအနိုင်နှင့် နှစ်ပွဲ ရှုံးနိမ့်ထားပြီး၊ ဘက်တီမီရ်က စိန်ခေါ်ပွဲ ၁၇ ပွဲတွင် ၁၆ ပွဲအနိုင်နှင့် တစ်ပွဲ ရှုံးနိမ့်ထားကြောင်း သိရသည်။

**Ref : Boxing Scene**

**Trs : AZL**



## အားကစားသတင်းအတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းမှ အငှားလာရောက်ကစားနေသည့် ကွင်းလယ်ကစားသမား ပေါ်ဟင်ဟာကို ခြေစွမ်းပြသနိုင်သော်လည်း အပြီးသတ်ခေါ်ယူရန် မဆုံးဖြတ်ရသေးကြောင်း စပါးအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- အသက် ၁၇ နှစ်ရှိ ဘာစီလိုနာကွင်းလယ်ကစားသမား ဒရိုဖာနန်ဒက်ဇ်ကို မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။
- ပဲလေ့စ်အသင်း ခံစစ်ကစားသမားဂူဟီကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်းက လီဗာပူးအသင်းနှင့် အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။

ML

## United Cup တင်းနစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် အာဂျင်တီးနားအသင်းက စပိန်အသင်းကို အနိုင်ရရှိ

**ပက်သ် ဇန်နဝါရီ ၂**

ဩစတြေးလျနိုင်ငံ ပက်သ်မြို့တွင် ကျင်းပနေသည့် United Cup တင်းနစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်တီးနားအသင်းက (၂-၀) ရလဒ်ဖြင့် အနိုင်ရခဲ့ကြောင်း Tennis 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အမျိုးသမီးတစ်ဦးချင်း ပွဲစဉ်အဖြစ် ပထမပွဲငယ်တွင် အာဂျင်တီးနားအသင်းမှ ဆီအာရာနှင့် စပိန်အသင်းမှ ဂျက်ဆီကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆီအာရာက(၆-၄၊ ၅-၇၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရကာ အာဂျင်တီးနားအသင်းက ဦးဆောင်ခဲ့သည်။

ဒုတိယပွဲငယ်အဖြစ် အမျိုးသားတစ်ဦးချင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်တီးနားအသင်းမှ ဆီဘက်စတီယန်နှင့် စပိန်အသင်းမှ မူနာတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဆီဘက်စတီယန်က (၆-၄၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရခဲ့သောကြောင့် အာဂျင်တီးနားအသင်းက စပိန်အသင်းကို (၂-၀)ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

ဆီဘက်စတီယန်သည် မူနာကို ဦးဆောင်ကစားခဲ့ပြီး အာဂျင်တီးနားအသင်းအတွက် ထိုက်တန်သော အနိုင်ရလဒ် ရရှိအောင် စွမ်းဆောင်ခဲ့သည်။

ဆီဘက်စတီယန်က “လက်ရှိအခြေအနေကို သဘောကျပါတယ်။ တင်းနစ်ကွင်းထဲမှာ ရှိနေရတဲ့ အခိုက်အတန့်ကိုလဲ ကျေနပ်ပါတယ်။ စိတ်ထဲမှာ အလိုလို ဝမ်းသာပျော်ရွှင်နေတယ်။ ပိုပြီးတော့ ဝမ်းသာ ဂုဏ်ယူစရာကောင်းတာက အာဂျင်တီးနားအသင်းအတွက် အနိုင်ရလဒ်ကို စွမ်းဆောင်ပေးနိုင်ခဲ့တယ်။ ဒီနေ့ပွဲစဉ်မှာ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်ပိုင်းဟာ ကျွန်တော်လိုချင်တဲ့ ပုံစံအတိုင်း အတိအကျပါပဲ”ဟု ပြောကြားခဲ့သည်။

ဆီအာရာကလည်း “ကျွန်မအတွက် တကယ့်ကို ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ ပွဲအပေါ်မှာ အာရုံအပြည့်အဝစိုက်ပြီး ကစားနိုင်ခဲ့လို့ လိုချင်တဲ့အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့တာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis 365**

**Trs : AZL**

## အာဖရိကဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံးချိန်တွင် နာမည်ကြီး ဂါဘွန်အသင်း အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရ

**ရာဘတ် ဇန်နဝါရီ ၂**

၂၀၂၅ အာဖရိကဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ပြီးဆုံးခဲ့ပြီးနောက် နာမည်ကြီး ဂါဘွန်အသင်း အုပ်စုနောက်ဆုံးပွဲစဉ်တွင် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၅ အာဖရိကဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဂါဘွန်အသင်းနှင့် အိုင်ဗရီကို့စ်အသင်းတို့ ကစားခဲ့ရာ ဂါဘွန်အသင်းက သုံးဂိုးနှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် အုပ်စုပွဲစဉ် သုံးပွဲကစားခဲ့ရာ သုံးပွဲလုံးရှုံးနိမ့်ခဲ့ပြီး အုပ်စုအောက်ဆုံးတွင် ရပ်တည်ခဲ့သဖြင့် အုပ်စုအဆင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

၂၀၂၅ အာဖရိကဖလားပြိုင်ပွဲ (၁၆)သင်း ရှုံးထွက်အဆင့်ပွဲစဉ်များအဖြစ် မာလီအသင်းနှင့် တူနီးရှားအသင်း၊ ဆီနီဂေါအသင်းနှင့် ဆူဒန်အသင်း၊ မော်ရိုကိုအသင်းနှင့် တန်ဇန်နီးယားအသင်း၊ တောင်အာဖရိကအသင်းနှင့် ကင်မရွန်းအသင်း၊ အီဂျစ်အသင်းနှင့် ဘီနင်အသင်း၊ နိုင်ဂျီးရီးယားအသင်းနှင့် မိုဇမ်ဘစ်အသင်း၊ အယ်လ်ဂျီးရီးယားအသင်းနှင့် ကွန်ဂိုအသင်း၊ အိုင်ဗရီကို့စ်အသင်းနှင့် ဘာကီနာဖာဆိုအသင်းတို့ ဆက်လက်ကစားရမည်ဖြစ်သည်။

၂၀၂၅ အာဖရိကဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ပြီးဆုံးချိန်တွင် အိမ်ရှင်မော်ရိုကိုအသင်းက ချန်ပီယံဆုဆွတ်ခူးရန်အတွက် ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိနေသည်။

၂၀၂၅ အာဖရိကဖလားပြိုင်ပွဲ (၁၆)သင်း ရှုံးထွက်အဆင့်ပွဲစဉ်များ အပြီး ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်၊ တတိယလုပွဲစဉ်ကို ဇန်နဝါရီ ၁၇ ရက်၊ ဗိုလ်လုပွဲစဉ်ကို ဇန်နဝါရီ ၁၈ ရက်တို့တွင် အသီးသီး ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

## မာတီတာကိုခေါ်ယူရန် မန်ယူအသင်းက ပဲလေ့စ်အသင်းနှင့် ဆွေးနွေးနေ

**မန်ချက်စတာ ဇန်နဝါရီ ၂**

မန်ယူအသင်းက အသင်းတိုက်စစ်ပိုင်းအတွက် ပဲလေ့စ်အသင်းမှ တိုက်စစ်မှူးမာတီတာကို ခေါ်ယူရန် ပဲလေ့စ်အသင်းနှင့် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် တိုက်စစ်ပိုင်းတွင် အဓိက ကစားသမားနှစ်ဦးဖြစ်သည့် အာမက်နှင့် အမ်ဘူမိုတို့ကို ၂၀၂၅ အာဖရိဖလားပြိုင်ပွဲအတွက် စေလွှတ်ထားရသကဲ့သို့ တိုက်စစ်မှူး ဆက်ကိုသည်လည်း သွင်းဂိုးများရရှိရန် ရုန်းကန်နေရသဖြင့် လက်ရှိ ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းရန် ကြိုးပမ်းနေခြင်းဖြစ်သည်။




မာတီတာနှင့် ပဲလေ့စ်အသင်းတို့ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ပဲလေ့စ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်က အသင်းမှ ထွက်ခွာလိုသဖြင့် စာချုပ်သစ်ကမ်းလှမ်းမှုကို ငြင်းပယ်ထားခြင်းဖြစ်သည်။

ပဲလေ့စ်အသင်းသည် ရာသီအကုန်တွင် မာတီတာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရမည့် အခြေအနေများကြောင့် လက်ရှိကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ထားသည့်အတွက် မန်ယူအသင်းကလည်း ခေါ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

မာတီတာသည် ယခုနှစ် ဘောလုံးရာသီ ပြိုင်ပွဲစုံ ပွဲ ၃၀ တွင် သွင်းဂိုး ကိုးဂိုးနှင့် ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : STA**

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးမပေးရသည့်ပွဲ(Clean Sheet) ပွဲ ၁၀၀ ပြည့်မြောက်ခဲ့သည့် ၁၈ ဦးမြောက်ဂိုးသမားအဖြစ် အယ်လီဆန် မှတ်တမ်းဝင်



လန်ဒန် ဇန်နဝါရီ ၂

လီဗာပူးအသင်း ဂိုးသမား အယ်လီဆန်သည် ပရီးမီးယားလိဂ် ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ဂိုးမပေးရသည့်ပွဲ (Clean Sheet) ပွဲ ၁၀၀ ပြည့်မြောက်ခဲ့သည့် ၁၈ ဦး မြောက်ဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ် ပွဲစဉ်အဖြစ် လီဗာပူးအသင်းနှင့် လိဒ်အသင်းတို့ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်အပြီးတွင် ဂိုးသမား အယ်လီဆန်သည် ဂိုးမပေးရသည့် ပွဲ(Clean Sheet) ပွဲ ၁၀၀ ပြည့်မြောက်ခဲ့သည့် ၁၈ ဦးမြောက် ဂိုးသမားအဖြစ် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အယ်လီဆန်သည် ၂၀၁၈ ခုနှစ်က လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်း လက်စွမ်းပြ ကစားခဲ့ပြီး ချန်ပီယံဆုဖလားများ ဆွတ်ခူးခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သည့်အပြင် လက်ရှိ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း အကောင်းဆုံး ဂိုးသမားများမှ တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

အယ်လီဆန်သည် လိဒ်အသင်းနှင့် ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၂၂၄ ပွဲ၌ ပွဲ ၁၀၀ ဂိုးမပေးရအောင် စွမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အယ်လီဆန်သည် လီဗာပူးအသင်း သမိုင်းတစ်လျှောက်တွင်လည်း ကလီးမန့်၊ ဂရော့ဘီလာ၊ ရေးနား၊ အယ်လစ်ရာစကော့တို့နောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးမပေးရသည့်ပွဲ ၁၀၀ ပြည့်မြောက်ခဲ့သည့် ပဉ္စမမြောက် ဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# ဝါရင့်ခံစစ်ကစားသမားရာမို့စ်က အသင်းဟောင်း ဆီဗီလာအသင်းကို ဝယ်ယူရန် ဆွေးနွေးနေ

မက်ဒရစ် ဇန်နဝါရီ ၂

ကလပ်အသင်း လက်မဲ့ဖြစ်နေသည့် ဝါရင့်ခံစစ်ကစားသမား ရာမို့စ်က အသင်းဟောင်းဖြစ်သည့် ဆီဗီလာအသင်းကို ဝယ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၉ နှစ်ရှိ ရာမို့စ်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ၂၀၀၄ ခုနှစ်က ဆီဗီလာအသင်းနှင့်စတင်ခဲ့ပြီး တစ်နှစ်သာ ကစားခဲ့ပြီးနောက် ၂၀၀၅ ခုနှစ်တွင် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ထို့နောက် ရာမို့စ်သည် ရီးရဲလ်မက်ဒရစ်အသင်း၊ ပီအက်စ်ဂျီအသင်းတို့ထံ အဆင့်ဆင့်ပြောင်းရွှေ့ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်က ဆီဗီလာအသင်းသို့ ဒုတိယအကြိမ်မြောက် ပြောင်းရွှေ့ခဲ့သော်လည်း တစ်နှစ်သာကစားခဲ့ပြီး၂၀၂၄ ခုနှစ်တွင် မွန်တာရေးအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့ရာ စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီး လက်ရှိတွင် ကလပ်အသင်းလက်မဲ့ဖြစ်နေသည်။

ဆီဗီလာအသင်းသည် နောက်ပိုင်းနှစ်များတွင် ငွေကြေးပိုင်းအခက်အခဲများရှိနေသဖြင့် အသင်းပိုင်ရှင်များက အသင်းကိုပြန်လည်ရောင်းချရန် ဆုံးဖြတ်ထားပြီး ရာမို့စ်က ဆီဗီလာအသင်းကို တစ်ဦးတည်း ဝယ်ယူမည်မဟုတ်ဘဲ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းပြီး ဝယ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေခြင်းဖြစ်သည်။

လက်ရှိတွင် ရာမို့စ်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူခြင်းမရှိသေးသည့်အတွက် ဆီဗီလာအသင်းကို ဝယ်ယူခဲ့ပါက အသင်းတွင် ဒုတိယအကြိမ်မြောက် ကစားသွားဖွယ်ရှိနေကြောင်း သိရသည်။

Ref : Espn
Trs : STA

# တတိယအကြိမ် MNL 2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူးကျင်းပမည့် MNL 2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲကို လာမည့် မတ်လပထမပတ်အတွင်း ရန်ကုန်မြို့ရှိ ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

MNL 2 Promotion Amateur Club Tournament ပြိုင်ပွဲကို မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ၏ တန်းတက်၊ တန်းဆင်းစနစ် အတွက် အထောက်အကူပြုစေရန်၊ ပရော်ဖက်ရှင်နယ် ကလပ်အသင်းများ ပိုမိုထွက်ပေါ်လာပြီး ပြိုင်ဆိုင်မှုပြင်းထန်လာစေရန်၊ နိုင်ငံ လက်ရွေးစင် အသင်းအတွက် မျိုးဆက်သစ် ကစားသမားများ ပိုမိုထွက်ပေါ်လာစေရန် ရည်ရွယ်ပြီး ၂၀၂၃ ခုနှစ်မှစတင်ကာ ကျင်းပခဲ့ခြင်းဖြစ်သည်။

MNL 2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် နှစ်သင်းအနေဖြင့် ၂၀၂၆- ၂၀၂၇ မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် ကစားခွင့်ရရှိမည်ဖြစ်ပြီး အဆိုပါနှစ်သင်းသည် MNL League Cup ပြိုင်ပွဲနှင့် လူငယ် အမှတ်ပေး (MNL Youth League) ပြိုင်ပွဲများရှိပါက ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီနီယာကလပ်အသင်းအပြင် လူငယ်ကလပ် အသင်းတစ်သင်းကိုပါ မဖြစ်မနေ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် MNL 2 Promotion Amateur Club Tournament 2026 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများအနေဖြင့် ဇန်နဝါရီ ၃၀ ရက် နောက်ဆုံးထား၍ သုဝဏ္ဏဘောလုံးကွင်း ပထမထပ်ရှိ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ကျင်းပရေးဌာနတွင် စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

STA

# ချဲလ်ဆီးအသင်းက နည်းပြသစ်မခန့်အပ်မီ ယာယီနည်းပြအဖြစ် ချဲလ်ဆီးလူငယ်အသင်း နည်းပြမက်ဖာလိန်းကို ခန့်အပ်



လန်ဒန် ဇန်နဝါရီ ၂

ချဲလ်ဆီးအသင်းက လစ်လပ်နေသည့် နည်းပြရာထူးအတွက် နည်းပြသစ်မခန့်အပ်မီ ယာယီနည်းပြအဖြစ် ချဲလ်ဆီးလူငယ်အသင်းနည်းပြ မက်ဖာလိန်းကို ခန့်အပ်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ချဲလ်ဆီးအသင်း နည်းပြဟောင်း မာရက်စ်ကာသည် အသင်းကို ၂၀၂၄ ခုနှစ်က တာဝန်ယူကိုင်တွယ်ခဲ့ပြီး ယူရိုပါကွန်ဖရန့်လိဂ်နှင့် ကလပ်အသင်းများ ကမ္ဘာ့ဖလားတို့ကို ဆွတ်ခူးပေးခဲ့သော်လည်း အသင်းတာဝန်ရှိသူများနှင့် ဆက်ဆံရေးတင်းမာမှုများ ရှိခဲ့ပြီးနောက် အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့သည့်အတွက် နည်းပြနေရာ လစ်လပ်နေခြင်းဖြစ်သည်။

အစောပိုင်းက ချဲလ်ဆီးအသင်းတွင် လစ်လပ်နေသည့် နည်းပြရာထူးအတွက် လာမည့် မန်စီးတီးအသင်းနှင့် ပွဲစဉ်မတိုင်မီ ခန့်အပ်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အချိန်မီခန့်အပ်နိုင်ခြင်း မရှိသည့်အတွက် ယာယီနည်းပြအဖြစ် လူငယ်အသင်းနည်းပြ မက်ဖာလိန်းကိုသာ ခန့်အပ်ခဲ့ပြီး မန်စီးတီးအသင်းနှင့်ပွဲစဉ်ကို မက်ဖာလိန်းက တာဝန်ယူကြီးကြပ်မည်ဖြစ်သည်။

လက်ရှိတွင် ချဲလ်ဆီးအသင်း နည်းပြသစ်အဖြစ် ရေပန်းစားမှုများတွင် စထရာဘော့အသင်းနည်းပြ လီယန်ရိုး၊ ပဲလေ့စ်အသင်းနည်းပြ အိုလီဗာဂလက်နာ၊ ကိုမိုအသင်းနည်းပြ ဖာဘရီဂတ်၊ ဘာစီလိုနာအသင်းနည်းပြဟောင်း ဇာဗီတို့ ပါဝင်နေကြောင်း သိရသည်။

Ref : Sky Sports
Trs : STA

# ဂရီမီအိုအသင်းမှ အလက်ဆင်ကိုခေါ်ယူခဲ့ကြောင်း အေဗီလာအသင်း ကြေညာ

လန်ဒန် ဇန်နဝါရီ ၂

အေဗီလာ အသင်းသည် ဘရာဇီးကလပ် ဂရီမီအိုအသင်း တိုက်စစ်ကစားသမား အလက်ဆင်ကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၁၀ သန်းဖြင့် အပြီးသတ်ခေါ်ယူခဲ့သည်ဟု ကြေညာခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အလက်ဆင်သည် ၂၀၂၅ ခုနှစ် ဘောလုံးရာသီတွင် ဂရီမီအိုအသင်းအတွက် ပြိုင်ပွဲစုံ ၃၁ ပွဲတွင် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ် ပြုလုပ်ခဲ့ပြီး အသင်းအနေဖြင့် ဘောလုံးရာသီအကုန်တွင် အမှတ်ပေးဇယား အဆင့်(၉)နေရာ၌ ရပ်တည်ခဲ့သည်။



အသက်၁၉နှစ်ရှိ လူငယ်ကစားသမားသည် ၂၀၂၄ ခုနှစ်ဘောလုံးရာသီက အသင်းတွင် သုံးပွဲသာ ပါဝင်ခွင့်ရခဲ့သော်လည်း ၂၀၂၅ ခုနှစ်တွင် အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ကာ ခြေစွမ်းပိုးတိုးတက်လာသဖြင့် အေဗီလာအသင်းနည်းပြအမ်မရီက တိုက်စစ်ပိုင်း မြှင့်တင်လိုသည့်အတွက် ရေရှည်အသုံးပြုနိုင်ရန် အပြောင်းအရွှေ့ဖွင့်လှစ်ချိန်တွင် ပထမဆုံး ကစားသမားအဖြစ် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လက်ရှိ နည်းပြအမ်မရီ၏ တိုက်စစ်ပိုင်းတွင် အိုလီဝက်ကင်း၊ မော်ဂန်ရော်ဂျာ၊ ဆန်ချိုတို့ ရှိနေသော်လည်း အလက်ဆင်ကို ထပ်မံခေါ်ယူခဲ့သောကြောင့် တိုက်စစ်ကစားပုံ တိုးတက်လာနိုင်ကြောင်း သိရသည်။

အေဗီလာအသင်းသည် ပရီးမီးယားလိဂ် ရာသီဝက်ပြီးဆုံးချိန်တွင် ရမှတ် ၃၉ မှတ်ဖြင့် အဆင့် (၃) နေရာ၌ရပ်တည်ထားပြီး ပရီးမီးယားလိဂ်ပွဲစဉ်(၂၀)အဖြစ် နော့တင်ဟမ်အသင်းကို အိမ်ကွင်းတွင် ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း သိရသည်။

Ref : Espn
Trs : ML

**၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး**

# မမေ့မလျော့ ကာကွယ်စောင့်ရှောက်ကြရမည့် နိုင်ငံ၏လွတ်လပ်ရေး

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး ရှင်သန်ဖွံ့ဖြိုးခြင်းနှင့် တိုးတက်မြင့်မားခြင်းသည် လွတ်လပ်ရေးဟူသည့်အုတ်မြစ်ကို ခိုင်မာစွာတည်ဆောက်ထားနိုင်ခြင်းကြောင့်ဖြစ်သည်။ လွတ်လပ်သောနိုင်ငံဖြစ်မှသာ အချုပ်အခြာအာဏာပိုင်ဆိုင်မှုရှိပြီး ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ပိုင်နက်နယ်မြေ၊ ကိုယ့်နိုင်ငံသား၊ ကိုယ့်လူမျိုးနှင့် ကိုယ်ပိုင်အုပ်ချုပ်သူအစိုးရဖြင့် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည် နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ အလွယ်တကူရောက်ရှိခဲ့ခြင်းမဟုတ်ပေ။ ဇာတိသွေးဇာတိမာန်ထက်သန်သူ၊ နိုင်ငံချစ်စိတ်အပြည့်အဝရှိသူ ရဟန်းရှင်လူပြည်သူလူထုတို့က အသက်သွေးချွေးများကို စတေး၍ နယ်ချဲ့ကို တိုက်ထုတ်၊ ဖက်ဆစ်ကိုတွန်းလှန်ကာ ရယူခဲ့ရသည့် လွတ်လပ်ရေးဖြစ်သည်။ လွတ်လပ်ရေးရမှ ဖြစ်မည်ဟူသော မြန်မာမျိုးချစ်သူရဲကောင်းတို့၏ မဆုတ်မနစ်သောဇွဲ၊ အနိုင်မခံ အရှုံးမပေးသည့်စိတ်နှင့် နီစွေးသည့် သတ္တိသွေးတို့ဖြင့် လွတ်လပ်ရေးကို ရယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံများစွာကို တစ်ချိန်က ကျူးကျော်ကျွန်ပြုခဲ့ကြသည့် နယ်ချဲ့နိုင်ငံများသည် ယခုမျက်မှောက်ကာလတွင်လည်း နိုင်ငံငယ်များကို လွှမ်းမိုးခြယ်လှယ်၍ ခေတ်သစ်ကိုလိုနီဝါဒကို ပုံဖော်အသက်သွင်းလျက်ရှိကြသည်။ ဒုတိယကမ္ဘာစစ်အပြီး လက်လွှတ်ခဲ့ရသည့် ၎င်းတို့ကျွန်ပြုခဲ့သော နိုင်ငံများ၏ လွတ်လပ်ရေးကို တစ်နည်းနည်းဖြင့်ထိပါးကာ ပြန်လည်ချုပ်ကိုင်စိုးမိုးနိုင်ရန် အားထုတ်လျက်ရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးရပြီးချိန်မှစ၍ ယခုထိရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခများ၌ ပြည်ပစွက်ဖက်မှုများက နောက်ကွယ်မှ ကြိုးကိုင်လျက်ရှိပြီး ခေတ်အဆက်ဆက် အစိုးရများကိုဆန့်ကျင်သည့် နိုင်ငံရေးလှုပ်ရှားမှုများတွင်လည်း မြောက်ထိုးပင့်ကော် ပါဝင်နေသည်ကိုတွေ့ရသည်။ ၎င်းတို့ကြိုးကိုင်ခြယ်လှယ်နိုင်သည့် နိုင်ငံမဟုတ်ပါက နိုင်ငံရေးမတည်မငြိမ်ဖြစ်စေရန်၊ ပြည်တွင်းပဋိပက္ခများဖြင့် သံသရာလည်၍ ဆင်းရဲစွာ နာလန်မထူနိုင်စေရန်၊ နိမ့်ကျသည့် နိုင်ငံဘဝရောက်စေရန် လုပ်ကြံဖန်တီးကြသည်။ နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် နိုင်ငံသားတို့၏ စည်းလုံးညီညွတ်မှုပျက်ပြားလျှင် အချိန်မရွေး ဆုံးရှုံးသွားနိုင်သည်။ ထို့ကြောင့် နိုင်ငံအတွက် လွတ်လပ်ရေးသည် အဖိုးအနဂ္ဃထိုက်တန်သောကြောင့် နိုင်ငံသားအားလုံးက ကာကွယ်စောင့်ရှောက်ထိန်းသိမ်းကြရမည်ဖြစ်သည်။

အတိတ်သမိုင်းကပင်ရှိနေသော တိုင်းရင်းသားညီအစ်ကိုများအကြား သံသယနှင့် ပဋိပက္ခများကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအဟန့်အတားဖြစ်စေသည်ကို သဘောပေါက်ကြရမည်ဖြစ်သည်။ သို့ပါ၍ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်စေရန်၊ ဂုဏ်ကျက်သရေ လင်းလက်တောက်ပစေရန်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများအကြား၊ တိုင်းရင်းသားပြည်သူအချင်းချင်းအကြား စည်းလုံးညီညွတ်မှု ခိုင်မာစွာတည်ဆောက်၍ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာရေရှည်တည်တံ့စေရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

**လွတ်လပ်ရေးသမိုင်းကြောင်း**

နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးသမိုင်းကြောင်းဆိုသည်မှာ ၎င်းနိုင်ငံ၏ အသည်းနှလုံးဟုဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံကို နယ်ချဲ့အင်္ဂလိပ်တို့သည် ၁၈၂၄ ခုနှစ်တွင် ပထမကျူးကျော်စစ်၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယကျူးကျော်စစ်၊ ၁၈၈၅ ခုနှစ်တွင် တတိယကျူးကျော်စစ်ဖြစ်ပွားပြီး တတိယကျူးကျော်စစ်အပြီးတွင် နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ရသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးသမိုင်းကိုကြည့်လျှင် ကျူးကျော်စစ်ကြီး သုံးကြိမ်ဖြစ်ပွားပြီးနောက် ဆုံးရှုံးခဲ့ရသောနယ်မြေများကို ပြန်လည်ရရှိရန် ကြိုးစားခဲ့ကြသော်လည်း ခေတ်မီလက်နက်မရှိခြင်း၊ ညီညွတ်စွာစုစည်းဦးဆောင်နိုင်သောခေါင်းဆောင်မရှိခြင်း၊ မိမိတို့ဒေသအလိုက်သာ တော်လှန်နေခြင်းတို့ကြောင့် အကျိုးမထင်သော အခြေအနေများ ကြုံတွေ့ခဲ့ရသည်။ အကြီးကျယ်ဆုံးသော တော်လှန်ရေးကြီးမှာ ဆရာစံဦးဆောင်သော တောင်သူလယ်သမားတော်လှန်ရေးဖြစ်သည်။

**❖ လွတ်လပ်ရေးဆိုသည်မှာ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံအတွက် အလွန်တန်ဖိုးကြီးသော အခြေခံအခွင့်အရေးတစ်ရပ်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ လွတ်လပ်ရေးရရှိရန် အတိတ်ကာလတွင် အနစ်နာခံမှုများ၊ စွန့်လွှတ်မှုများနှင့် သွေးချွေးများကို ပေးဆပ်ခဲ့ရသည်။ ထိုလွတ်လပ်ရေးကြီးကို ထိန်းသိမ်းထားနိုင်ရန်အတွက် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်။ ဥပဒေကိုလေးစားလိုက်နာခြင်း၊ လူမှုစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းတို့သည် နိုင်ငံသား၏ အခြေခံတာဝန်များဖြစ်သည်။ ❖**

တကောင်းမှစခဲ့သော မြန်မာတို့သည် ဘုန်းမီးနေလတောက်ပြောင်သော အနော်ရထာမင်းတရားကြီးလက်ထက်တွင် ပထမမြန်မာနိုင်ငံတော်ကြီးကို စတင်တည်ဆောက် ပိုင်ဆိုင်နိုင်ခဲ့ကြသည်။ ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီးလက်ထက်တွင် ဒုတိယမြန်မာနိုင်ငံတော်ကြီးအဖြစ် အင်အားပြည့်ဝလာခဲ့သည်။ ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲကား မြန်မာတို့၏အသည်းနှလုံးတွင် ထာဝစဉ်စွဲမြဲနေမည့် ဖွဲသတ္တိအမှတ်အသားဖြစ်သည်။ စည်းလုံးညီညွတ်မှု၊ စစ်စွမ်းရည်ပရိယာယ်ကြွယ်ဝမှုတို့ဖြင့် ထင်ရှားစည်ပင်ခဲ့သောနိုင်ငံဖြစ်ပေသည်။ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီးလက်ထက်တွင် တတိယမြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာတစ်လွှား ဂုဏ်ရှိန်ကျော်ကြားလာခဲ့သည်။ မြန်မာနိုင်ငံ၏ ဥစ္စာခေန၊ သယံဇာတတို့ကားနယ်ချဲ့တို့၏ မျက်စိကျစရာဆွဲဆောင်မှုများအဖြစ် ထင်ပေါ်လာခဲ့ရာမှ အနိဋ္ဌာရုံ စခဲ့ရလေသည်။

မြန်မာနိုင်ငံကား မြေသယံဇာတ၊ ရေသယံဇာတတို့ပေါကြွယ်ဝသည့် ရွှေနိုင်ငံဖြစ်ပေရာ တွင်းထွက်ပစ္စည်းအမျိုးမျိုးတို့က နယ်ချဲ့ကိုမျက်စိကျဖွယ်ရာဖြစ်ခဲ့သည်။ ဒေါနတောင်တန်းတစ်လျှောက် မြန်မာ့ကျွန်းသစ်ကလည်း နေရာမလပ်ပေါက်ရောက်လျက်ရှိရာ နယ်ချဲ့တို့အနေဖြင့် လက်မလွှတ်နိုင်ဖြစ်ခဲ့သည်မှာ မဆန်းလှပေ။ သို့သော် မြန်မာတိုင်းရင်းသားတို့မှာ ဒူးထောက်လက်မြှောက် အရှုံးပေးတတ်သူများမဟုတ်ဘဲ နေရာအနှံ့ရရာလက်နက်စွဲကိုင်၍ တော်လှန်ရေးများဆင်နွှဲလျက် လွတ်လပ်ရေးကို ပြန်လည်ရယူရန် ကြိုးပမ်းခဲ့ကြသည်။ သို့သော် လက်နက်အင်အား၊ လူအင်အားကွာခြားမှုဖြင့် မယှဉ်နိုင်ဘဲရှုံးနိမ့်ခဲ့ရသည်။ သို့သော် မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတွင် နောက်ပိုင်းပညာတတ်မျိုးချစ်လူငယ်များပါဝင်ပြီး လွတ်လပ်ရေးကြိုးပမ်းမှုမှာ ပိုမိုပြင်းထန်လာခဲ့သည်။ သခင်အောင်ဆန်းခေါင်းဆောင်သည့် မျိုးချစ်လူငယ်များသည် ရဲဘော်သုံးကျိပ်အဖြစ်ဖွဲ့စည်းပြီး ဂျပန်ပြည်သို့စစ်ပညာသွားရောက်သင်ယူခဲ့သည်။ ထိုမှတစ်ဖန် ဗမာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည်။ သူ့ကျွန်မခံလိုသောကြောင့် ဇာတိမာန်တက်ကြွကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့နှင့် အသက်သွေးချွေးတို့ဖြင့် ရင်းနှီးပြီး နိုင်ငံလွတ်လပ်ရေးကို အရယူခဲ့ကြသည်။

မြန်မာ့သမိုင်းတစ်လျှောက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြသည့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ဆုံးရှုံးခြင်းမဖြစ်ရအောင် အစဉ်သတိပြုကြစေရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်ရည်ရွယ်၍ နှစ်စဉ်လွတ်လပ်ရေးနေ့သို့ရောက်တိုင်း လွတ်လပ်ရေးနေ့ဦးတည်ချက်များချမှတ်ကာ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အလံတင်အခမ်းအနားများကို နိုင်ငံတစ်ဝန်း ကျင်းပလျက်ရှိသည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် အမျိုးသားရေးဦးတည်ချက်(၄)ရပ်မှာ–

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်း စောင့်ရှောက်ရေး။

(၂) ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

(၃) လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

(၄) ဒေသအလိုက်သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး ဟူ၍ဖြစ်သည်။

ထို့ပြင် နိုင်ငံအတွက် စွမ်းစွမ်းတမံထမ်းရွက်ခဲ့ကြသော ပုဂ္ဂိုလ်များကို ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်ခြင်းကို လွတ်လပ်ရေးရပြီးကာလမှစ၍ အထင်အရှားပြုလုပ်လာကြသည်။ ထိုသို့ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ အသိအမှတ်ပြုတံဆိပ်များ ချီးမြှင့်ခြင်းသည် အနာဂတ်တွင် တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် စွမ်းဆောင်နိုင်သော လူတော်လူကောင်းများ နှစ်စဉ်ပေါ်ထွက်လာနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ လွတ်လပ်ရေးနေ့အခမ်းအနားများ ပြုလုပ်ခြင်းဖြင့် ပြည်သူလူထုအကြား လွတ်လပ်ရေးကိုထိန်းသိမ်းလိုသောစိတ်ဓာတ်များ တိုင်းပြည်နှင့်လူမျိုးအပေါ် ချစ်မြတ်နိုးသော တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များ ရှင်သန်တိုးပွားလာမည်ဖြစ်သည်။

**လွတ်လပ်ရေးနှင့် နိုင်ငံသား၏တာဝန်**

လွတ်လပ်ရေးဆိုသည်မှာ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံအတွက် အလွန်တန်ဖိုးကြီးသော အခြေခံအခွင့်အရေးတစ်ရပ်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ လွတ်လပ်ရေးရရှိရန် အတိတ်ကာလတွင် အနစ်နာခံမှုများ၊ စွန့်လွှတ်မှုများနှင့် သွေးချွေးများကို ပေးဆပ်ခဲ့ရသည်။ ထိုလွတ်လပ်ရေးကြီးကိုထိန်းသိမ်းထားနိုင်ရန်အတွက် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်။ ဥပဒေကို လေးစားလိုက်နာခြင်း၊ လူမှုစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းတို့သည် နိုင်ငံသား၏ အခြေခံတာဝန်များဖြစ်သည်။ ထိုသို့ လိုက်နာခြင်းဖြင့် လူမှုအေးချမ်းသာယာရေးကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

နိုင်ငံသားတစ်ဦးအနေဖြင့် မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်ရှိရမည်။ နိုင်ငံ၏အကျိုးစီးပွားကို ဦးစားပေးစဉ်းစားခြင်း၊ ပြည်သူအချင်းချင်းစည်းလုံးညီညွတ်စွာ နေထိုင်ခြင်းတို့သည် လွတ်လပ်ရေးကို ရေရှည်တည်တံ့စေရန်အရေးပါသည်။ ထို့ပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ကူညီခြင်းသည်လည်း နိုင်ငံသား၏တာဝန်တစ်ရပ်ဖြစ်သည်။ လွတ်လပ်ရေးသည်ရရှိပြီးနောက် မိမိတို့သဘောအတိုင်း အသုံးချရန်သာမဟုတ်ဘဲ တာဝန်ယူစွာအသုံးချရမည့်အရာဖြစ်သည်။ နိုင်ငံသားတိုင်းက မိမိတာဝန်ကို သိရှိနားလည်ပြီး ထမ်းဆောင်နိုင်ပါက နိုင်ငံ၏လွတ်လပ်ရေးသည် ပိုမိုခိုင်မာတည်တံ့လာမည်ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ရေးကိုတန်ဖိုးထားကာ နိုင်ငံသား၏ တာဝန်များကို အပြည့်အဝထမ်းဆောင်ခြင်းသည် မိမိကိုယ်တိုင်အတွက်သာမက နိုင်ငံအနာဂတ်အတွက်ပါ အလွန်အရေးကြီးသည်။

ယနေ့နိုင်ငံတော်အစိုးရမှ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းပြီး ကြုံတွေ့လာရမည့် စိန်ခေါ်မှုအခက်အခဲများကို ညီညီညွတ်ညွတ်ဖြင့် စုပေါင်းကျော်လွှားကြရမည်ဖြစ်ပေသည်။ သို့မှသာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်မှန်းသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးသို့ အလျင်အမြန်ရောက်ရှိနိုင်ပြီး ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားခြင်းနှင့်အတူ လွတ်လပ်ရေး၏ အနှစ်သာရနှင့် အသီးအပွင့်များကို နိုင်ငံသားပြည်သူများရရှိခံစားနိုင်ကြမည်ဖြစ်သည်။

နိုင်ငံလွတ်လပ်ရေးအတွက် တောင်ပေါ်မြေပြန့် နေရာအနှံ့မှ တိုင်းရင်းသားတို့ ညီညွတ်ခဲ့ကြခြင်း၊ နိုင်ငံလွတ်လပ်ရေး အစွန့်ရှည်တည်တံ့ရေးနှင့် ကမ္ဘာ့အလယ် ဝင့်ထည်ဂုဏ်ယူနိုင်ရေးတို့အတွက် တောင်ပေါ်မြေပြန့်မကွဲပြား၊ ဘာသာလူမျိုးမခွဲခြား တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်စွာဖြင့် မိမိတို့ပခုံးထက်မှ ခေတ်သမိုင်း၏တာဝန်ကို ရှပ်ရှပ်ချွံချွံထမ်းဆောင်ကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာတို့၏ဘိုးဘွားအစဉ်အဆက် အသက်သွေးချွေးပေါင်းများစွာဖြင့် တည်ဆောက်ထားခဲ့ရသော လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူအပေါင်းက ဆက်လက်ထိန်းသိမ်းကာကွယ် တာဝန်ယူတည်ဆောက်သွားကြရမည်ဖြစ်ပေသည်။

**ကိုးကား**

– နေ့စဉ်ထုတ်သတင်းစာများ

**ဆုလတ်မေ**

# SKYPREMIER HD ရုပ်သံလိုင်းမှ ဆူးကြိုးဆုပ်တဲ့လက် ရုပ်သံဇာတ်လမ်းတွဲကို ဇန်နဝါရီ ၄ ရက်တွင် ထုတ်လွှင့်ပြသမည်ဖြစ်




**ရန်ကုန် ဇန်နဝါရီ ၂**

SKYPREMIER HD ရုပ်သံလိုင်းမှ ဆူးကြိုးဆုပ်တဲ့လက် ရုပ်သံဇာတ်လမ်းတွဲကို ဇန်နဝါရီ ၄ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်ထားသူ သရုပ်ဆောင် နေမင်းထံမှ သိရသည်။

ဆူးကြိုးဆုပ်တဲ့လက် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) က ရေးသားထားပြီး အောင်ကြီးက ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)က တာဝန်ယူ ပုံဖော်ရိုက်ကူး ပေးထားကြောင်း သိရသည်။

"ရုပ်ချင်းဆင်သူ လူနှစ်ယောက်အကြောင်း ဇာတ်အိမ်တည်ထားတဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ တစ်ယောက်က လက်ထပ်ထားတဲ့သူ၊ နောက်တစ်ယောက်က သူစိမ်းအမျိုးသား။ သူတို့နှစ်ယောက်ကြားက အမျိုးသမီးဟာ ဘယ်လိုအဖြစ်အပျက်တွေကို ရင်ဆိုင်ရမလဲ၊ ဘာတွေ ဆက်ဖြစ်မလဲဆိုတာ စောင့်မျှော်ကြည့်ရှုအားပေးကြပါအုံး။ သည်းထိတ်ရင်ဖို အချစ်ဇာတ်လမ်းလေးပါ" ဟု သရုပ်ဆောင် နေမင်းက ပြောပြသည်။

ဆူးကြိုးဆုပ်တဲ့လက် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေမင်း၊ မင်းဟိဏ်း၊ ဘုန်းသျှန်၊ အိန္ဒြာကျော်ဇင်၊ စိုးမြတ်သူဇာ၊ မေသန်းနု၊ ဖူးဖူးနှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။

ASH

# Widow လျှို့ဝှက်သည်းဖိုဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်း စတင်နေ

**နယူးယောက် ဇန်နဝါရီ ၂**

Widow အမည်ရှိ လျှို့ဝှက်သည်းဖိုအက်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းကို မြောက်ကာရိုလိုင်းနားပြည်နယ်၌ စတင်နေပြီဖြစ်ကြောင်း ဇန်နဝါရီ ၁ ရက် သတင်းများအရ သိရသည်။

Widow ဇာတ်ကားတွင် မင်းသမီး အဘီဂိုင်းကိုဝန်၊ မင်းသား ဂျက်ကီအားဟာလေနှင့် လော်ဒိုင်းမွန်းဖိလစ်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Widow ဇာတ်ကားသည် ဒုစရိုက်သမားများ၊ အက်ဖ်ဘီအိုင် အေးဂျင့်များလက်မှ လွတ်မြောက်ရေးအတွက် ကြိုးစားခဲ့ရသော သားသည်မိခင်တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Widow ဇာတ်ကားကို ဒါရိုက်တာ ဒွန်ဟန်းဖီးက တာဝန်ယူရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

Widow ဇာတ်ကားသည် စာရေးဆရာ ဂျိုရှုဝါမယ်ကင်၏ ခေါင်းစဉ် အမည်တူရုပ်ပြဝတ္ထုကို အခြေခံရိုက်ကူးနေသော ဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် Widow ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# တေးသံရှင် မိုးမိုး၊ နေမင်းအိမ်တို့၏ Music Concert တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ် The Square Theatre Bar တွင် ပြုလုပ်သွားမည်




**ရန်ကုန် ဇန်နဝါရီ ၂**

တေးသံရှင် မိုးမိုး၊ နေမင်းအိမ်တို့၏ Music Concert တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ ဇန်နဝါရီ ၉ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်သီဆိုဖျော်ဖြေမည့် တေးသံရှင် မိုးမိုးက ပြောပြ၍ သိရသည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar တွင် ဝင်ကြေးအခမဲ့ Free Show အဖြစ် ဖျော်ဖြေပေးသွားမည်ဖြစ်ပြီး တေးသံရှင် မိုးမိုး၊ နေမင်းအိမ်တို့အပြင် The Square Theatre Bar ၏ ပင်တိုင်တေးဂီတအဖွဲ့နှင့် ပင်တိုင်အဆိုရှင်များကလည်း ပါဝင်သီဆို ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

"The Square Theatre Bar မှာ Music Concert ပွဲကို နေမင်းအိမ်နဲ့အတူ ဇန်နဝါရီ ၉ ရက်ညမှာ ဖျော်ဖြေသွားဖို့ ရှိပါတယ်။ သီချင်းကောင်းတွေကို တဝကြီး နားဆင်ဖို့အတွက် The Square Theatre Bar မှာ ဆုံကြမယ်ဗျာ" ဟု တေးသံရှင်မိုးမိုးက ပြောပြသည်။

The Square Theatre Bar တွင် ဒီဇင်ဘာ ၃၁ ရက်ညကလည်း တေးသံရှင် Jewel၊ DJ Alita တို့၏ တေးဂီတဖျော်ဖြေပွဲနှင့် 2026 New Year Count-down ပွဲတော်ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ASH

# Zootopia-2 ဇာတ်ကားက ဒစ္စနီးကုမ္ပဏီ၏ သမိုင်းတစ်လျှောက် ဝင်ငွေအများဆုံးဇာတ်ကားဖြစ်လာ

**နယူးယောက် ဇန်နဝါရီ ၂**

Zootopia-2 ကွန်ပျူတာ အင်နီမေးရှင်း ဇာတ်ကားသည် ဒစ္စနီးကုမ္ပဏီ၏ သမိုင်းတစ်လျှောက် ဝင်ငွေအများဆုံး ဇာတ်ကားဖြစ်လာကြောင်း ဇန်နဝါရီ ၁ ရက် သတင်းများအရ သိရသည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် စတင်ရုံတင်ပြသခဲ့သော Zootopia-2 ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆ ဘီလီယံထိရရှိထားကြောင်း သိရသည်။

အထက်ပါဝင်ငွေအတိုင်းအဆအရ Zootopia-2 ဇာတ်ကားသည် Frozen-2 ဇာတ်ကားကို ကျော်ဖြတ်၍ ဒစ္စနီးကုမ္ပဏီ၏ သမိုင်းတစ်လျှောက် ဝင်ငွေအများဆုံး ကွန်ပျူတာအင်နီမေးရှင်းဇာတ်ကား ဖြစ်လာခဲ့သည်။

ဒစ္စနီးကုမ္ပဏီ၏ သမိုင်းတစ်လျှောက် ဝင်ငွေအများဆုံး ကွန်ပျူတာ အင်နီမေးရှင်း ဇာတ်ကားအဖြစ် စံချိန်တင်ခဲ့သော Frozen-2 ၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၅ ဘီလီယံထိ ရှိခဲ့သည်။

Zootopia-2 ဇာတ်ကားသည် စတင်ရုံတင်ပြီး ရက် ၂၀ အကြာမှာပင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်လွန်ခဲ့သော ဇာတ်ကားဖြစ်သည်။

ထို့ပြင် အဆိုပါ ဇာတ်ကားသည် တရုတ်ရုပ်ရှင်ဈေးကွက်၌ ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၅၀၀ ထိ ရရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# MRTV-4 ရုပ်သံလိုင်း၊ Hey Play Application၊ Hey Play YouTube Channel တို့မှ ရင်နှင့်အမျှ ရုပ်သံဇာတ်လမ်းတွဲကို ဇန်နဝါရီ ၆ ရက်တွင် ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဇန်နဝါရီ ၂**

MRTV-4 ရုပ်သံလိုင်း၊ Hey Play Application နှင့် Hey Play YouTube Channel တို့မှ ရင်နှင့်အမျှ ရုပ်သံဇာတ်လမ်းတွဲကို ဇန်နဝါရီ ၆ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရင်နှင့်အမျှ ဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ အိ(အရုဏ်ဦး)ထံမှ သိရသည်။

အဆိုပါ ရင်နှင့်အမျှ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို သက်ဦးမောင်က ရေးသားထားပြီး Skyward Art Team က ဇာတ်ညွှန်းရေးသားထားကြကာ ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ အိ(အရုဏ်ဦး)က တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် ဒရာမာအမျိုးအစား ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက ဒရာမာဇာတ်လမ်းတွဲတွေကို ကြိုက်နှစ်သက်တဲ့ ပရိသတ်တွေအတွက် ရင်ခုန်စွာကြည့်ရှုရမဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ အချစ်၊ အလွမ်း ရသစုံပေးမဲ့ ဇာတ်လမ်းတွဲမို့ စောင့်မျှော်အားပေးကြပါလို့ ပြောချင်ပါတယ်။ အရောင်စုံတဲ့ ချစ်ခြင်းမေတ္တာတွေကြားထဲမှာ လိမ်ညာလှည့်ဖြားပြီး ချစ်တဲ့သူတွေထက် ရိုးသားပြီး တန်ဖိုးထားတဲ့ချစ်ခြင်းတွေက သာလွန်ကောင်းမွန်ကြောင်းကို ပြသသွားမဲ့ ဒရာမာဇာတ်လမ်းတွဲ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ အိ(အရုဏ်ဦး) က ပြောပြသည်။

ရင်နှင့်အမျှ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် တိုင်ရွှန်၊ အောင်ရဲထိုက်၊ ညီနန္ဒ၊ ဘုန်းမင်းနေလ၊ ဆန်းမင်းဟိန်းထွဋ်၊ သီရိစိုး၊ စနိုးကြည်ဖြူ၊ ဟန်နာ၊ စိုးမိုးကြည်၊ သုန္ဒေဦးနှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Farmers harvest more than 2,000 acres of rainfed paddy in Monywa Township



Farmers working on harvesting paddy in a field using machinery.

**Monywa January 2**

Local farmers harvested more than 2,000 acres of rainfed paddy in Monywa Township of Sagaing Region, according to the township Agriculture Department.

In Monywa Township, during this year's rainfed paddy planting season, farmers were able to cultivate up to 4,008 acres of monsoon paddy. Harvesting of these fields began in November, and as of today, 2,230 acres have been harvested, with an average yield of 88.17 baskets per acre.

"This year, during the monsoon paddy planting season, only 4,008 acres were cultivated in Monywa Township. Currently, harvesting is underway, and over 2,000 acres have been harvested. We provided the necessary techniques and quality seeds, and farmers were able to plant the paddy on time," said U Soe Thet Aung, Township Director of the Monywa Agriculture Department.

During this year's monsoon paddy planting, there were no major difficulties, as the township agriculture department cooperated closely with local farmers to ensure systematic and timely cultivation.

Farmers in Monywa Township received guidance on agricultural techniques, pest prevention, protecting crops from losses, and timely storage of harvested paddy under proper shelter.

To ensure successful cultivation and good yields this year, the township agriculture department and its staff assisted farmers with planting high-quality, pure seeds, pest protection, plowing and transplanting, removing weak seedlings, and proper use of soil nutrients. These technical supports were implemented directly in the fields. 206

# Kyunhla Township completes cultivation of more than 1,000 acres of sweet corns

**Kyunhla January 2**

More than 1,000 acres of sweet corns has been planted in Kyunhla Township of Sagaing Region, according to the township Agriculture Department.

During the 2025-2026 winter crop planting season, Kyunhla Township planned to cultivate 1,337 acres of sweet corn. Planting began in October, and as of today, 1,021 acres have been planted.

"This year, for the winter crop season, Kyunhla Township planned to cultivate 1,337 acres of sweet corn. Up to today, 1,021 acres have been completed. We are supporting farmers to fully reach the planned acreage. To ensure successful growth, we provide guidance on cultivation techniques and prevent pest and disease outbreaks. Sweet corn cultivation is improving year by year," said Daw Myint Myint Yi, the Head of Kyunhla Township Agriculture Department.

This year, farmers growing sweet corn in Kyunhla Township received training, field demonstrations, preventive measures against stem borers, and integrated crop protection guidance—including proper use of pesticides and insect control for ginger and chilli—from the township agriculture department.

In Kyunhla Township, the average yield of sweet corn is 15,000 ears per acre, and the cost of cultivation per acre exceeds K500,000. 206



A sweet corn plantation.

# Kyaunggon Township dispatches large volume of tender areca nuts to Yangon market within one month

**Kyaunggon January 2**

Local merchants from Kyaunggon Township of Ayeyawady Region sold a large volume of tender areca nuts to Yangon market within one month, said Daw Kyi Htay, the owner of areca nut trading depot in Kyaunggon Township.

During last October, areca nuts from Kyaunggon Township were able to be exported and sold to the Yangon market at a price of up to K50,000 per viss. In November, the export price for areca nuts increased to as much as K80,000 per viss. It is reported that the strong demand for areca nuts in the domestic market is the reason for this increased export volume.

"During November, a large quantity of areca nuts from Kyaunggon Township was exported and sold to the Yangon market. Because there was strong demand for areca nuts, we had to export a large volume to Yangon. Currently, the price for one viss of areca nuts has reached K15,500. Since areca nuts are actively being traded now, those engaged in areca nut cultivation are able to run their businesses smoothly," said Daw Kyi Htay.

Traders purchase areca nuts directly from plantations in Kyaunggon Township, carefully sort and pack them, and then transport them to Yangon for sale. From Yangon, they are also exported to overseas markets. Previously, there were only two types of areca nut markets—green and dried—but now, areca nuts are being actively traded even before reaching full maturity, without needing to wait until the peak season.

Kyaw Kyaw Lin

# Kalay Township cultivates more than 6,000 acres of green gram this cold season

**Kalay January 2**

In Kalay Township, Kalay District, Sagaing Region, a total of 6,155 acres of green gram have already been cultivated during this year's winter cropping season, according to records from the Kalay Township Department of Agriculture.

During the 2025-2026 winter cropping season, Kalay Township set a target of cultivating 9,190 acres of green gram. Planting began in October this year, and as of today, 6,155 acres have been cultivated, it is learned.

"During this year's winter cropping season in Kalay Township, more than 9,000 acres of green gram were planned for cultivation, and over 6,000 acres have already been planted and completed. Efforts are being made to fully meet the targeted acreage. Green gram cultivation has been increasing year by year. With regard to green gram production, extension activities will be carried out to encourage expanded cultivation, and farmers will be educated on the use of quality and pure seed varieties to ensure good yields," said Daw Marn Ewh, Township Head of the Kalay Township Department of Agriculture.

Officials of the Township Agriculture Department raise farmer awareness of using quality strains of crops, agricultural techniques, prevention of pests and systematic use of fertilizers in order to ensure higher per acre yield of crops.

Moreover, officials of the department cooperate with local farmers in carrying out sorting of quality seeds, use of agricultural inputs, and applying post-harvest technoogy. 206

# More than 19,000 acres of rainfed paddy harvested in KhinU Township

**KhinU January 2**

According to the data from KhinU Township Agriculture Department, local farmers have harvested 19,925 acres of rainfed paddy in KhinU Township of Sagaing Region this year.

In KhinU Township, a total of 98,799 acres of rainfed paddy were cultivated during this year's monsoon cropping season. Harvesting of the cultivated paddy fields began in November this year, and as of today, 19,925 acres have been harvested, with an average yield of 75.16 baskets per acre.

"During this year's monsoon cropping season, rainfed paddy was cultivated on a total of 98,799 acres in KhinU Township. Harvesting of these paddy fields is currently under way, and as of today, 19,925 acres have already been harvested. Necessary technologies and seed varieties were provided for rainfed paddy cultivation, and field-level support was carried out to ensure that farmers were able to plant on time," said U Nay Win Naing, Head of the KhinU Township Department of Agriculture.

During this year's monsoon cropping season, the relevant township Department of Agriculture and local farmers worked together to ensure systematic cultivation of rainfed paddy without major difficulties.

In KhinU Township, paddy farmers were also provided with agricultural technical assistance, awareness on pest prevention, measures to prevent crop losses, and guidance to ensure that harvested paddy is transported to sheltered storage in a timely manner.

Agricultural staff from the township department help local farmers select quality seeds of paddy, conduct surveillance of pests, participate weeding and removing different strains and urge farmers to systematically use fertilizers at the paddy fields. 206

# 555 illegal buildings used for online scam gambling systemically demolished in KK Park area



An illegally constructed four-storey residential building in KK Park Area (Section 2)

Before demolition. After demolition.

**Nay Pyi Taw January 2**

The Government of Myanmar is carrying out clearance operations in illegal buildings located in the Shwe Kokko and KK Park areas, where online scam gambling activities are most heavily concentrated. Through joint task forces comprising multiple organizations, the government is systematically destroying confiscated items used in online scam gambling operations and demolishing illegal buildings. Today, an additional six illegal buildings in the KK Park area were demolished.

Specifically, today four illegal six-storey buildings used for online scam gambling activities in Section (3) of the Myawaddy–Mae-htawthalay (KK Park) area, and two illegal four-storey buildings used for online scam gambling activities in Section (2), were demolished, bringing the total number of newly demolished buildings today to six. As a result, out of a total of 635 illegal buildings in the KK Park area, 555 have now been systematically demolished.

In addition, to ensure complete destruction of illegal buildings that had already been demolished using heavy machinery, further destruction using explosives and incendiary methods has been carried out since December 14. As of today, an additional five two-storey buildings have been destroyed, bringing the total number of illegal buildings completely destroyed to 91.

Furthermore, equipment and materials used in online scam gambling activities within the KK Park area were systematically burned and destroyed to prevent any further reuse. It was also reported that the Government regards the eradication of online scam gambling as a national duty and will continue coordinated efforts with domestic forces as well as neighbouring governments to ensure that such activities can no longer take root anywhere in Myanmar.

100

## Sagaing Township exceeds target cultivation of vegetables this year

**Sagaing January 2**

Sagaing Township Agriculture Department stated that local farmers of Sagaing Township in Sagaing Region have planted vegetables exceeding the target cultivation this year.

During the 2025-2026 winter cropping season, a total of 7,917 acres of vegetable crops were initially planned for cultivation in Sagaing Township, Sagaing Region. Planting began in October this year, and a total of 12,143 acres have so far been cultivated.

"During this winter cropping season, 7,917 acres of vegetable crops were planned for cultivation in Sagaing Township, but 12,143 acres have already been planted and completed. At present, the cultivated area has exceeded the initial target. The crops include mustard greens, chilli, culinary herbs and spices, potatoes, cabbage, Chinese cabbage, eggplant, and cauliflower. Farmers are being provided with technical guidance to ensure that all vegetables are grown under the GAP system. They are also being given techniques to produce vegetables that are healthy and contain minimal chemical residues," said U Myo Thant Aung, Head of the Sagaing Township Department of Agriculture.

This year, the Sagaing Township Department of Agriculture has been providing vegetable farmers with technical training on GAP-based cultivation methods, offering guidance to ensure that vegetables produced from farms meet health standards, and assisting farmers in expanding vegetable cultivation, it is learned.

Sagaing Township grows a wide variety of seasonal vegetables every year. The cultivated vegetable crops have reportedly been successful, contributing to household incomes. The Township Department of Agriculture will continue to raise awareness among prospective vegetable farmers on proper cultivation methods, pest prevention, and the production and use of natural fertilizers as well as natural pesticides and repellents.

206

## Feature: While Tokyo celebrates New Year, poorest residents still struggle for food aid

**Tokyo January 2**

As many in Tokyo prepare for New Year celebrations, long queues in front of relief distribution points tell an unsettling story about deepening survival anxiety among Japan's poorest residents.

Just days before New Year's Eve, at a food distribution site in Tokyo's Shinjuku district, volunteers handed out modest food packages to those waiting in line: an orange, a piece of fried chicken, a bag of sardine snacks, and a pouch of instant curry.

Among the recipients was 75-year-old Saito, who traveled an hour by train from his suburban home to reach the site. Since different charity groups only provided aid during fixed hours at specific locations, Saito began moving around the city early in the morning, timing his day to match the schedules of different groups.

Xinhua

## Over 40,000 people shot in U.S. in 2025: Gun Violence Archive

**Los Angeles January 2**

At least 40,000 people were shot in the United States in 2025, including more than 14,600 deaths and over 26,100 injuries, showed preliminary statistics released Thursday by the Gun Violence Archive (GVA).

The country saw at least 407 mass shooting incidents in 2025, defined as shootings in which four or more people were killed or injured, not including any shooter who may also have been killed or injured in the incident, according to the GVA, a non-profit organization formed in 2013 to provide free public access to accurate information on gun-related violence in the United States.

The data also indicated that 224 children aged 11 or younger were killed by gunfire, while 461 others in the same age group were wounded during the year. In addition, 1,030 adolescents aged 12 to 17 were killed in shootings, and 2,733 were injured.

The GVA's gun-related death statistics include homicides, murder, defensive gun use and accidental shootings, but exclude suicides. However, citing preliminary estimates from the U.S. Centers for Disease Control and Prevention, the GVA reported that more than 24,000 people died in firearm suicides in 2025.

Local media noted that although shooting-related deaths and injuries have declined for four consecutive years since 2021, more than 40,000 people were killed or injured by gunfire in 2025, with suicides excluded. This means that, on average, more than 110 people were killed or injured by gun violence per day last year.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## လစ်သူရေးနီးယားက လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များဝယ်ယူရန် ဆွီဒင် SAAB ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



လစ်သူရေးနီးယား ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဆွီဒင်နိုင်ငံ SAAB ကုမ္ပဏီထံမှ ယူရိုသန်း ၃၂၀ တန်ဖိုးရှိ RBS 70 Bolide လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များ ဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့သည်ဟု Army Recognition သတင်းဌာနက ဒီဇင်ဘာ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

ဤသဘောတူညီချက်သည် NATO ၏ အရှေ့ဘက်ခြမ်းတွင် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ဖိအားများ ဆက်လက်မြင့်တက်နေစဉ် လစ်သူရေးနီးယားနိုင်ငံအနေဖြင့် ၎င်း၏ပေါင်ပိုင်နက်ကို အားကောင်းအောင် တည်ဆောက်ရန် ကြိုးပမ်းမှုကို ဖော်ပြနေသည်။ ထို့ပြင် နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးတွင် ယနေ့ထိ အကြီးမားဆုံးရင်းနှီးမြှုပ်နှံမှုများထဲမှတစ်ခုဖြစ်ပြီး ပြိုင်ဆိုင်မှုပြင်းထန်လာသော လုံခြုံရေးပတ်ဝန်းကျင်အတွင်း အနိမ့်ပျံသန်းလာသော ခြိမ်းခြောက်မှုများကို ရန်သူ့ထက်လက်ဦးမှုရယူကာ ကာကွယ်နိုင်ရန် ရည်ရွယ်လိုခြင်းဖြစ်သည်။

Bolide ဒုံးကျည်သည် RBS 70 လေကြောင်းရန် ကာကွယ်ရေးစနစ်တွင် အသုံးပြုသည့် နောက်ဆုံးပေါ် မြန်နှုန်းမြင့် လေဆာလမ်းညွှန် ဒုံးကျည်ဖြစ်သည်။ ခေတ်မီ ဝေဟင်ခြိမ်းခြောက်မှုများကို ခြေမှုန်းရန် ဒီဇိုင်းထုတ်ထားပြီး ကိုးကီလိုမီတာထိ ပစ်ခတ်နိုင်သည်။ ၎င်းသည် ရေဒီယိုလှိုင်းနှောင့်ယှက်မှု(Jamming)ကို ခံနိုင်ရည်ရှိပြီး ဒရုန်းများ၊ ရဟတ်ယာဉ်များနှင့် တိုက်လေယာဉ်များကို တိကျစွာ ကြားဖြတ်ဟန့်တားနိုင်သည်။

လစ်သူရေးနီးယားသည် RBS 70 လက်နက်စနစ်ကို ၂၀၀၄ ခုနှစ်ကတည်းက စတင်အသုံးပြုခဲ့ပြီး ၎င်း၏ လျင်မြန်စွာ ရွှေ့ပြောင်းနိုင်မှု၊ ယုံကြည်စိတ်ချရမှုနှင့် လေဆာ လမ်းညွှန်စနစ်တို့အပေါ် အခြေခံ၍ အသုံးပြုခဲ့ခြင်းဖြစ်သည်။ အပူငွေ့ရှာ ဒုံးကျည် (Heat-seeking missiles) များနှင့် မတူဘဲ RBS 70 လက်နက်စနစ်သည် Laser beam-riding နည်းပညာကို အသုံးပြု ထားသောကြောင့် ခေတ်သစ် အီလက်ထရွန်နစ်စစ်ပွဲများအတွင်း ရန်သူ့လှည့်ဖြားမှုများနှင့် လှိုင်းနှောင့်ယှက်မှုများကို အလွန်ကောင်းမွန်စွာ ခံနိုင်ရည်ရှိမည်ဖြစ်သည်။

Bolide ဒုံးကျည်သည် မူလ RBS 70 လက်နက်စနစ်၏ စွမ်းဆောင်ရည်ကို သိသိသာသာ မြှင့်တင်ပေးထားခြင်းဖြစ်သည်။ ၎င်းသည် ပစ်မှတ်များကို အကွာအဝေး ကိုးကီလိုမီတာနှင့် အမြင့်ပေငါးကီလိုမီတာထိ ပစ်ခတ်နိုင်ပြီး တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ဒရုန်းများနှင့် ခရုစ်ဒုံးကျည်များကို ချေမှုန်းရန် ဒီဇိုင်းထုတ်ထားသည်။ ၎င်း၏ ဒုံးထိပ်ဖူး(Warhead)သည် သံချပ်ကာ အထူ ၂၀၀ မီလီမီတာထိ ဖောက်ထွင်းနိုင်စွမ်းရှိသောကြောင့် အနိမ့်ပျံသန်းပစ်မှတ်များနှင့် အပေါ့စားသံချပ်ကာယာဉ်များကိုပင် တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။

လစ်သူရေးနီးယားနိုင်ငံသည် ၂၀၂၇ ခုနှစ်တွင် အရေးပါသောနေရာများ၌ MS-HORAD လက်နက်စနစ်များကို တပ်ဖြန့်သွားမည်ဖြစ်သည်။ ၎င်းသည် ပုံသေလေကြောင်းရန် ကာကွယ်ရေးစခန်းများနှင့် ရွေ့လျားတပ်ဖွဲ့များကို အလွှာလိုက်ကာကွယ်မှု (Layered defense) ဖြင့် ချိတ်ဆက်ပေးနိုင်မည်ဖြစ်သည်။ ၂၀၂၅ ခုနှစ်အတွင်း NASAMS နှင့် ဂျာမနီထုတ် IRIS-T SLM လက်နက်စနစ်များကို ဝယ်ယူခဲ့ပြီးနောက် ယခု RBS 70 Bolide လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ထပ်မံဝယ်ယူမှုသည် လစ်သူရေးနီးယား၏ ကာကွယ်ရေးကဏ္ဍတွင် အပြောင်းအလဲအရှိဆုံးနှစ်တစ်နှစ်ဖြစ်စေခဲ့သည်။ လစ်သူရေးနီးယားသည် မဟာမိတ်တပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလွှာလိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်ကို အပြင်းအထန်ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**Sweden's SAAB Wins Contract from Lithuania to Supply RBS 70 Bolide Air Defense Missiles** ကို ဘာသာပြန်ဆိုထားပါသည်။

## ဘယ်လာရုစ်နိုင်ငံက ရုရှားထုတ် 96L6 ရေဒါစနစ်ကို စတင်ဖြန့်ကြက်အသုံးပြု

ဘယ်လာရုစ်နိုင်ငံသည် နိုင်ငံ၏ ပေါင်းစည်း လေကြောင်းရန်ကာကွယ်ရေးကွန်ရက်ကို သိသိသာသာ တိုးချဲ့သည့်အနေဖြင့် ရုရှားထုတ် 96L6 ရေဒါစနစ်ကို တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုမှု စတင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဒီဇင်ဘာ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသည်မှာ S-400 Triumf မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ်နှင့် အပြည့်အဝပေါင်းစပ်စစ်ဆင်နိုင်ရေးအတွက် အဆင့်လိုက်ကူးပြောင်းရာတွင် အရေးပါသောမှတ်တိုင်တစ်ခုဖြစ်သည်။ ဘယ်လာရုစ်အစိုးရပိုင်သတင်းဌာန BelTA ၏ ဖော်ပြချက်အရ 96L6 ရေဒါသည် ယခုအခါ ဘယ်လာရုစ်လေတပ်နှင့် လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်တပ်ရင်းများတွင် စတင်တာဝန်ထမ်းဆောင်နေပြီဖြစ်ကာ ကီလိုမီတာ ၃၀၀ အကွာအဝေးအတွင်း ပစ်မှတ် ၁၀၀ ထိ တစ်ပြိုင်နက်တည်း ရှာဖွေခြေရာခံနိုင်ပြီး ကွပ်ကဲမှုဌာနချုပ်များနှင့် ပစ်ခတ်မှုယူနစ်များထံသို့ ပစ်မှတ်ဆိုင်ရာအချက်အလက်များကို အလိုအလျောက်ပေးပို့နိုင်စွမ်းရှိသည်။

မင်းစ်ခ်(Minsk)မြို့ရှိ ကာကွယ်ရေးတာဝန်ရှိသူများက 96L6 ရေဒါကို ဘယ်လာရုစ်လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များ၏ ကြိုတင်သတိပေးစနစ်နှင့် ပစ်ခတ်မှုထိန်းချုပ်ရေး နည်းပညာယန္တရားကို သိသိသာသာမြှင့်တင်ပေးနိုင်သည့် အင်အားမြှင့်တင်မှုတစ်ခုအဖြစ် ဖော်ပြခဲ့ကြသည်။ ၎င်းစနစ်သည် အနိမ့်ပျံသန်းလာသော ခရုစ်ဒုံးကျည်များနှင့် ဒရုန်းများမှသည် အမြင့်ပျံတိုက်လေယာဉ်များထိ အမြင့်ပေအမျိုးမျိုးမှဝင်ရောက်လာမည့်ပစ်မှတ်များကို ရှာဖွေခြေရာခံနိုင်ပြီး ပစ်မှတ်အချက်အလက်များကိုလေကြောင်းရန်ကာကွယ်ရေးစီမံခန့်ခွဲမှု ကွန်ရက်များအတွင်းသို့ အလိုအလျောက်တိုက်ရိုက်ပေးပို့သွားနိုင်မည်ဖြစ်သည်။

ဘယ်လာရုစ်အနေဖြင့် S-400 လက်နက်စနစ် မည်မျှထိတပ်ဖြန့်သွားမည်ဆိုသည်ကို လျှို့ဝှက်ထားသောလည်း 96L6 ရေဒါကို ပေါင်းစပ်အသုံးပြုလာခြင်းသည် ဘယ်လာရုစ်၏ပိုမိုခေတ်မီပြီး အလွှာလိုက်လေကြောင်းရန်ကာကွယ်ရေးအနေအထားသို့ ဦးတည်နေမှုကိုဖော်ပြနေပြီး ရုရှား၏ အလွှာလိုက်လေကြောင်းရန်ကာကွယ်ရေးမူဝါဒနှင့် ပိုမိုနက်ရှိုင်းစွာ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်လာမှုကိုလည်း ရောင်ပြန်ဟပ်နေသည်။

ဘယ်လာရုစ်နိုင်ငံသည် ကမ္ဘာ့အစွမ်းထက်ဆုံး မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ်တစ်ခုနှင့် ချိတ်ဆက်ထားသော ခေတ်မီရေဒါများကို တပ်ဖြန့်ထားပြီဖြစ်ရာ အရှေ့ဥရောပ၏ ဝေဟင်စောင့်ကြည့်ရေးနှင့် တုံ့ပြန်နိုင်စွမ်းဟန်ချက်ညီမှုမှာ အဆင့်သစ်တစ်ခုသို့ ကူးပြောင်းလာနိုင်ပြီဖြစ်သည်။ ဤလုပ်ဆောင်ချက်သည် ပြည်တွင်းလုံခြုံရေး အဆင့်မြှင့်တင်မှုသို့မဟုတ် မဟာဗျူဟာမြောက်အချက်ပေးမှုတစ်ခုခုပင်ဖြစ်စေကာမူ 96L6 ရေဒါကို လက်တွေ့စစ်ဆင်ရေးတာဝန်ပေးအပ်လိုက်ခြင်းသည် ဘယ်လာရုစ်၏ကာကွယ်ရေး ခေတ်မီအောင် တည်ဆောက်မှုတွင် အရေးပါသော အချိုးအကွေ့တစ်ခုဖြစ်ပါတော့သည်။



**Belarus activates 96L6 radar on combat duty as part of S-400 air defense integration** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ဘေဂမ်ခါလီဒါဇီယာ ကွယ်လွန်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် ဇန်နဝါရီ ၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ် ဘေဂမ်ခါလီဒါဇီယာ သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်းအမှတ်(၁၁)(ဘီ) မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးရှိ ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ ယနေ့သွားရောက်လက်မှတ်ရေးထိုးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများကို သံရုံးဧည့်ခန်းမ၌တွေ့ဆုံနှုတ်ဆက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ဘေဂမ်ခါလီဒါဇီယာ ကွယ်လွန်သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းမိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ၊ ပြည်သူနှင့် မစ္စဘေဂမ်ခါလီဒါဇီယာ၏ မိသားစုဝင်များကို စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌လက်မှတ်ရေးထိုးသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ဘေဂမ်ခါလီဒါဇီယာသည် ၂၀၀၃ ခုနှစ် မတ် ၁၉ ရက်မှ ၂၁ ရက်ထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သူဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက် ၈၀ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**❑ ကျိုင်းခမ်းရေလှောင်တမံမှ**

လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် ရေအားလျှပ်စစ်စက်ရုံ လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တမံကြံ့ခိုင်ရေးနှင့် ရေအားလျှပ်စစ်စက်ရုံလုပ်ငန်းများအတွက် ဆောင်ရွက်ရမည့် အင်ဂျင်နီယာလုပ်ငန်းများကို စနစ်တကျကြပ်မတ်ဆောင်ရွက်ရေး၊ လုပ်ငန်းကဏ္ဍအလိုက် သတ်မှတ်ကာလအတွင်းပြီးစီးရန် သက်ဆိုင်ရာပညာရှင်များ၊ ဌာနအဖွဲ့အစည်းများ ကြိုးပမ်းဆောင်ရွက်ရေးမှာကြားပြီး ရေလှောင်တမံနှင့် ရေအားလျှပ်စစ်စက်ရုံကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရာနှုန်းပြည့်နီးပါးတည်ဆောက်ပြီးစီး၍ တမံအတွင်း ကန်ရေပြည့်အမှတ်အထက်သို့ သိုလှောင်ထားရှိပြီးဖြစ်ရာ တာဘိုင် Unit(1)နှင့် (2) လည်ပတ်၍ လျှပ်စစ်ဓာတ်အားများ စတင်စမ်းသပ်ထုတ်လွှတ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရေဧကပေ ၃၅၀၀၀၀ ခန့်သိုလှောင်နိုင်သည့် ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်းအနေဖြင့် လျှပ်စစ်တပ်ဆင်ဓာတ်အား ၁၀ မဂ္ဂါဝပ်(၅ မဂ္ဂါဝပ် x ၂ လုံး) ဖြင့် နှစ်စဉ် လျှပ်စစ်စွမ်းအင် ၂၄ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လွှတ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လွှတ်ရေများကို ဆက်သွယ်မြောင်းမှတစ်ဆင့် ဇော်ဂျီရေလှောင်တမံနှင့် မြို့ကြီးရေလှောင်တမံတို့သို့ ရေကူဖြည့်သွင်းပေးနိုင်မည်ဖြစ်၍ အဆိုပါရေလှောင်တမံနှစ်ခုတို့မှ ရေအားလျှပ်စစ် ပိုမိုတိုးမြှင့်ထုတ်လွှတ်နိုင်မည်ဖြစ်ကာ ဇော်ဂျီရေသောက်စနစ်နှင့် ကင်းတားလက်ယာမြောင်းရေသောက်စနစ်ရှိ လယ်မြေဧရိယာ ဧက ၁၂၀၀၀၀ ခန့်၌ သီးထပ်စိုက်ပျိုးခြင်းအတွက် ရေဖူလုံစွာရရှိစေမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ကျိုင်းခမ်းကျေးရွာအုပ်စုအတွင်းမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြောင်းသီးနှံစိုက်တောင်သူများကိုတွေ့ဆုံ၍ စီမံကိန်းဧရိယာအနီးရှိ ကျိုင်းခမ်း၊ မက်မီး၊ ဟိုနားကျေးရွာတို့အတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေအစဉ်ရရှိစေရန် ရေရှိရေးဆောင်ရွက်ပေးသွားမည့် အခြေအနေနှင့် လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးပြီး ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူဝင်ငွေတိုးပွားရေး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

၂၀၂၆ခုနှစ် ၇၈ နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊UMFCCI နှင့်ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ၇၈ နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် စက်မှုဇုန်များမှ ဥက္ကဋ္ဌများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ဘင်ခရာအဖွဲ့များ၊ ပန်းဖွားအဖွဲ့များ၏ဖျော်ဖြေတင်ဆက်မှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ MSME ဈေးဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ၇၈ နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကို ဇန်နဝါရီ ၁ ရက်မှ ၄ ရက်ထိ နေ့စဉ်နံနက် ၈ နာရီမှ ည ၁၀ နာရီထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဈေးရောင်းပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားစေရေးအတွက် စာအုပ်အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများအပါအဝင် ဆိုင်ခန်းပေါင်း ၃၅၀ ကျော် ပါဝင်ပြသရောင်းချလျက်ရှိသည်။

ထို့ပြင် ပွဲတော်ရက်များအတွင်း MSME လုပ်ငန်းရှင်များအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိသော အခြေအနေများကိုသိရှိနိုင်စေရန် Talk show အစီအစဉ်အဖြစ်နည်းပညာနှင့် ချေးငွေရရှိရေးဆိုင်ရာ စကားဝိုင်း၊ အများပြည်သူများ မိသားစုအလိုက် ဈေးပွဲတော်အတွင်း လာရောက်ပါဝင်ဆင်နွှဲနိုင်စေရန် ရုပ်ရှင်၊ သဘင်နှင့် ဂီတနယ်ပယ်မှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ လွတ်လပ်ရေးနေ့တွင် မီးပုံးပျံလွှတ်တင်မည့်အစီအစဉ်နှင့် မီးရှူးမီးပန်းများပစ်ဖောက်ခြင်းအစီအစဉ်တို့ ပါဝင်သည့်အပြင် ပွဲတော်လာပြည်သူများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် အလှူရှင်များက စတုဒိသာကျွေးမွေးကြမည်ဖြစ်ပြီး သွားလာရေးအဆင်ပြေလွယ်ကူစေရန် YBS ယာဉ်များဖြင့် အကြိုအပို့စီစဉ်ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

**ဇော်မင်းလတ်-MNA**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း MSME ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲ ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကောင်စီဝင် ဦးဇေယျာလင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင်လယ်ဝေးမြို့နယ်ဖောင်တော်ချက်မစေတီဝင်းအတွင်း၌ လယ်ဝေးမြို့နယ်အတွင်းရှိ MSME များမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုအခြေအနေတို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် MSME များဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး ငွေကြေးအရင်းအနှီးရရှိရေးအတွက် ချေးငွေများထုတ်ချေးပေးလျက်ရှိကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးအလိုက် MSME ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲများကျင်းပပြုလုပ်ပေးလျက်ရှိသည့်အပြင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲများကိုလည်း ကျင်းပပေးလျက်ရှိကြောင်း၊ MSME များသည် နိုင်ငံတော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီး၏ စီးပွားရေးကို ၉၀ ရာခိုင်နှုန်းကျော် အထောက်အကူပြုလျက်ရှိကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများသည် ဈေးကွက်ရှိမှသာ ရေရှည်ရပ်တည်နိုင်မည်ဖြစ်သဖြင့် MSME များမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကို သုံးစွဲသူပြည်သူများသိရှိနိုင်ရေးအတွက် ယခုကဲ့သို့ ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြစ်ကြောင်း။

ထို့ပြင် ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်နေသည့် လုပ်သားများ၏ကျွမ်းကျင်မှုများကို အဆင့်မြှင့်တင်ပေးနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊လုပ်သားများကိုမြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် စက်မှုဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းစဉ်များကို ဒေသအရောက်သွားရောက်၍ သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများအနေဖြင့် စားသုံးသူပြည်သူများ ယုံကြည်စိတ်ချစွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးသတ်မှတ်ထားသည့်ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့်အညီ တိတိကျကျ လိုက်နာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများတွင် အသုံးပြုထားသည့် ကုန်ကြမ်းပစ္စည်းအမျိုးအမည်များကို ထုပ်ပိုးပစ္စည်းအပေါ်တွင် စားသုံးသူများသိရှိအောင် ထည့်သွင်းဖော်ပြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပစ္စည်းတူလျှင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းတူလျှင် အရည်အသွေးကောင်းမွန်ရမည်ဟု ရည်မှန်းချက်ထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ကျွမ်းကျင်လုပ်သားများဖြင့် ဈေးကွက်လိုအပ်ချက်အတိုင်းထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် ပြည်ပသို့တင်ပို့နိုင်သည့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယခုကျင်းပသည့် MSME ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက်မှ ၄ ရက်ထိ လေးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲတွင်ထုတ်ကုန်ပစ္စည်းအမျိုးအစား ၁၆ မျိုးကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



☆ **ကျောဖုံးမှအဆက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဝန်ကြီးဌာနပေါင်းစုံလွန်ဆွဲ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးရာ လွန်ဆွဲအမျိုးသမီးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ယင်းနောက် လွန်ဆွဲအမျိုးသားပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာနပေါင်းစုံထုပ်ဆီးတိုး အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြရာ ထုပ်ဆီးတိုးအမျိုးသမီးပြိုင်ပွဲရှုံးထွက်ပွဲစဉ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို ၆၇ မှတ် တစ်မှတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို ၆၁ မှတ် ၀ မှတ်ဖြင့်လည်းကောင်း၊သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို ၁၀ မှတ် ရှစ်မှတ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို ၃၄ မှတ် ၁၂ မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ထုပ်ဆီးတိုးအမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ နံနက် ၈ နာရီမှစတင်၍ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဝန်ကြီးဌာနပေါင်းစုံလွန်ဆွဲအမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲအမျိုးသားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူများထံ အသိပေးပန်ကြားချက်

- ➤ အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service)ဖြင့် လျှောက်ထားနိုင်ရေးစီစဉ်ထားပါကြောင်း၊
- ➤ လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည်ဖြစ်ပါကြောင်း၊
- ➤ အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- ➤ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- ➤ အမြန်ဝန်ဆောင်မှု(Express Service)ကို၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

## အသိပေးနှိုးဆော်ချက်

၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၆ ရက် နံနက် ၄ နာရီတွင် အစမ်းလေ့ကျင့်ခြင်း၊ ၄-၁-၂၀၂၆ ရက် နံနက် ၄ နာရီတွင် အလံတင်အခမ်းအနား၊နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုခြင်းအခမ်းအနားနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်ထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက် ရှင်စောပုလမ်းသို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ပြည်လမ်းအတိုင်းတောင်မှမြောက်သို့မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၁/၂၀၂၆)
၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၁၅ ရက်
၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာခြင်း

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အပိုင်းလိုက်ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၁ ( က ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များ သည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာ လိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးရယ်ဒမ်းတန် | ၁/မကန(နိုင်)၀၃၆၈၇၀ | နောင်မွန်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးကွမ်ဆန်း | ၁/မစန(နိုင်)၀၁၂၄၂၅ | မံစီ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးကျော်ဝင်း | ၁/ရကန(နိုင်)၀၀၆၆၄၃ | ရွှေကူ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၄) | ဦးဝေလင်းထွန်း | ၅/မကန(နိုင်)၀၄၆၆၆၈ | မင်းကင်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးစိုးပိုင် | ၅/ဝသန(နိုင်)၀၄၀၈၁၁ | ဝန်းသို | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးမြင့်စိုးဆင့် | ၅/မလန(နိုင်)၀၃၀၃၂၆ | မော်လိုက် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးညဏ်ထွန်း | ၁၂/ဒဂန(နိုင်)၀၁၀၉၇၄ | ကနီ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးစောမောင် | ၅/ဆလက(နိုင်)၀၄၀၂၀၁ | ဆားလင်းကြီး | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉) | ဦးစိုးတင့်အောင် | ၅/ရဥန(နိုင်)၀၀၈၈၅၉ | ရေဦး | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၁၀) | ဦးမင်းနိုင် | ၆/ပလန(နိုင်)၀၄၉၆၄၈ | ရေဖြူ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးတင့်လွင် | ၆/ထဝန(နိုင်)၀၆၄၀၅၀ | လောင်းလုံး | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၁၂) | ဒေါ်အိဖြူလွင် | ၈/ဂဂန(နိုင်)၀၆၆၄၁၂ | ဂန့်ဂေါ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၁၃) | ဦးရန်ကျော် | ၁၃/လရန(နိုင်)၀၂၉၃၇၉ | မက်မန်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဒေါ်ရီရီလှိုင် | ၁၃/ဖခန(နိုင်)၀၁၉၁၂၉ | ဖယ်ခုံ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးစိုင်းထွန်းလင်း | ၁၃/ကခန(နိုင်)၀၀၁၈၁၆ | မိုးနဲ | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၄/၂၀၂၆)
၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၁၅ ရက်
၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့ လွှတ်တော်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ် ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ပြည်ထောင်စုနယ်မြေ** | | | | |
| (၁) | ဦးခင်ရီ | ၁၃/ဖခန(နိုင်)၀၂၉၃၀၄ | ဇေယျာသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးလှဆွေ | ၈/ဂဂန(နိုင်)၀၈၅၉၉၆ | ပုဗ္ဗသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးမောင်မြင့် | ၇/ရတရ(နိုင်)၀၇၉၇၈၄ | ဇမ္ဗူသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးခင်မောင်ဌေး | ၉/ပမန(နိုင်)၀၁၃၉၈၂ | ပျဉ်းမနား | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးမြတ်ဟိန်း | ၁၂/မဂဒ(နိုင်)၀၁၇၄၅၅ | ဒက္ခိဏသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးဝင်းဌေး | ၉/စကတ(နိုင်)၀၀၁၀၇၈ | လယ်ဝေး | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးမောင်မောင်အုန်း | ၈/ပခက(နိုင်)၁၆၇၆၈၀ | တပ်ကုန်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးတင်အောင်စန်း | ၁၂/လမန(နိုင်)၀၈၉၄၈၉ | ဥတ္တရသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကချင်ပြည်နယ်** | | | | |
| (၉) | ဦးမြင့်ကို | ၁/တနန(နိုင်)၀၀၀၈၀၆ | တနိုင်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးဆင်ဆုန်း | ၁/ပတအ(နိုင်)၀၀၈၉၈၅ | ခေါင်လန်ဖူး | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးရားနီ | ၁/ပတအ(နိုင်)၀၀၅၀၆၃ | ပူတာအို | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) | ဦးစိုးဝင်း | ၁/မညန(နိုင်)၀၀၀၁၇၀ | မိုးညှင်း | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးညွန့်ဝင်း | ၁/မကန(နိုင်)၀၃၇၅၂၂ | မြစ်ကြီးနား | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကယားပြည်နယ်** | | | | |
| (၁၄) | ဦးအေးမောင် | ၂/ဘလခ(နိုင်)၀၀၀၄၁၆ | ဘောလခဲ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးမောင်ရွှေ | ၂/လကန(နိုင်)၀၁၁၄၈၈ | လွိုင်ကော် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ်** | | | | |
| (၁၆) | ဦးသက်နိုင်ဦး | ၃/လဘန(နိုင်)၀၀၀၇၅၃ | ဘားအံ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးခင်မောင်ချင်း | ၁၂/ဥကမ(နိုင်)၂၀၉၀၁၃ | မြဝတီ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးစောဟေသားကြီး | ၃/သတန(နိုင်)၀၀၁၆၂၉ | သံတောင်ကြီး | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၁၉) | ဦးဆလိုင်းအောင်ပြည့် | ၁၃/တကန(နိုင်)၁၄၀၉၈၃ | တီးတိန် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးဗန်နီ | ၄/ထတလ(နိုင်)၀၀၀၁၄၈ | ဟားခါး | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **မွန်ပြည်နယ်** | | | | |
| (၂၁) | ဦးစိုးလှ | ၁၀/ကထန(နိုင်)၀၀၇၀၉၂ | ကျိုက်ထို | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဦးမျိုးမြင့် | ၁၂/ပဘတ(နိုင်)၀၁၂၈၈၄ | ကျိုက်မရော | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဦးစိုးသူ | ၁၀/ကမရ(နိုင်)၁၃၁၃၇၅ | ချောင်းဆုံ | မွန်ညီညွတ်ရေးပါတီ |
| (၂၄) | ဒေါ်ဥမ္မာဌေး | ၁၀/မလမ(နိုင်)၀၀၁၁၇၇ | မော်လမြိုင် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၅) | ဦးကျော်မြင့် | ၁၀/သထန(နိုင်)၀၂၁၈၆၆ | သထုံ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၂/၂၀၂၆)
၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၁၅ ရက်
၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အပိုင်းလိုက်ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၁(က) နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်သည် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၁)၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာလိုက်သည်-

| အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ |
|---|---|---|---|
| ဦးအမ်ဇော်လတ် | ၁၃/ကတန(နိုင်)၀၈၇၃၅၆ | အမှတ်(၁) | "ဝ"အမျိုးသားပါတီ |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၃/၂၀၂၆)
၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၁၅ ရက်
၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အပိုင်းလိုက်ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၁( က )နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ်/ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးအောင်နိုင် | ၁/ရကန(နိုင်)၀၀၄၃၀၅ | ရွှေကူမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၂) | ဦးထိန်မင်း | ၅/ဝသန(နိုင်)၀၁၄၅၇၀ | ဝန်းသိုမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးခင်မောင်လွင် | ၅/တမန(နိုင်)၀၀၃၆၂၁ | တမူးမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးအောင်မင်းကျော်သူ | ၅/ဘတလ(နိုင်)၀၅၄၈၁၆ | ဘုတလင်မြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဒေါ်စန္ဒာသိန်း | ၅/မလန(နိုင်)၀၀၀၅၁၄ | မော်လိုက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးထွန်းလွင် | ၅/ကနန(နိုင်)၀၄၉၂၄၀ | ကနီမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးအောင်ဇော်ဦး | ၅/ဆလက(နိုင်)၀၄၅၁၇၀ | ဆားလင်းကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးရဲမိုးနိုင် | ၅/ရဥန(နိုင်)၀၇၅၉၈၁ | ရေဦးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၉) | ဦးခင်မောင်မြင့် | ၆/သရခ(နိုင်)၀၁၀၂၉၉ | ရေဖြူမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးအောင်မျိုးထွန်း | ၆/ထဝန(နိုင်)၀၉၅၂၄၉ | သရက်ချောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၁၁) | ဦးဇော်ထွန်းဦး | ၈/ဂဂန(နိုင်)၀၉၉၆၁၈ | ဂန့်ဂေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၁၂) | ဦးမြင့်ဝင်း | ၁၃/နမတ(နိုင်)၀၀၃၂၈၉ | ကျောက်မဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးကိန်မိုင် | ၁၃/မဆတ(နိုင်)၀၂၁၇၁၆ | ကချင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးထွန်းအောင် | ၁၃/ကတန(နိုင်)၀၆၃၁၃၅ | အာခါတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| (၁၅) | ဒေါ်အေးချိုစိန် | ၁၃/ဖခန(နိုင်)၀၀၀၀၁၅ | ကယန်း(ခ)ပဒေါင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရှေ့ဖုံးမှအဆက်

လုပ်ထုံးလုပ်နည်းများနှင့်အညီ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ ရောက်ရှိနေသော မဲဆန္ဒရှင်များဖြစ်သည့် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများ ကြိုတင်ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာဌာနအကြီးအမှူးများက စီစဉ်ပေးသည့်နေရာတွင်လည်းကောင်း၊ ယာယီနေရပ်စွန့်ခွာနေရသူ မဲဆန္ဒရှင်များကြိုတင်ဆန္ဒမဲပေးခြင်းကို ယင်းတို့ရောက်ရှိရာဒေသ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင်လည်းကောင်း ကော်မရှင်က သတ်မှတ်ပေးသည့် နေ့ရက်အတွင်း စနစ်တကျဆန္ဒမဲပေးခဲ့ကြပြီး ယင်းသို့ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် စာအိတ်များကို သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ပြန်လည်ပေးပို့ခဲ့ပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက နိုင်ငံရေးပါတီများကို ဖိတ်ကြား၍ ရွေးကောက်ပွဲမကျင်းပမီ နှစ်ရက်အလို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် ညနေ ၄ နာရီ မတိုင်မီ ရောက်ရှိလာသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို ဖွင့်ဖောက်၍ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူတို့ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ရေတွက်ခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ကြိုတင်ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၇-က)နှင့် ပုံစံ{၁၇(က-၁)}တို့တွင် ဖြည့်သွင်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အသိသက်သေများ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စိစစ်ပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုး၍ အများပြည်သူ ကြည့်ရှုနိုင်ရန် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာပေးခဲ့ပြီးဖြစ်ပါသည်။

၄။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့ ကိုယ်တိုင်မလာရောက်နိုင်သည့် အနာကြီးရောဂါစွဲကပ်နေသူ၊ ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ၊ အိုမင်းမစွမ်းသူ၊ သားဖွားနေသူ၊ ရဲအချုပ်စခန်း၊ အကျဉ်းစခန်းများတွင် အချုပ်ခံနေရသူ၊ ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူများနှင့် မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်ကာ ယာယီတာဝန်သွားရောက်ထမ်းဆောင်ရမည့် နိုင်ငံ့ဝန်ထမ်း၊ တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ကော်မရှင်ကသတ်မှတ်သည့် ၁၈-၁၂-၂၀၂၅ ရက်မှ ၂၇-၁၂-၂၀၂၅ ရက်ထိ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကတစ်ဆင့် မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ အကြောင်းကြားခဲ့ပါသည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက နိုင်ငံရေးပါတီများသို့လည်း ဆက်လက်အသိပေးအကြောင်းကြားခဲ့ပါသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၃(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) တို့နှင့်အညီ ရပ်ကွက်နှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းကို စနစ်တကျစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းကြိုတင် ဆန္ဒမဲလက်မှတ်များပါရှိသည့် မဲပုံးများကို ကြိုတင်ဆန္ဒမဲပေးသူစာရင်း ပုံစံ(၁၃-က)များနှင့်အတူ ရွေးကောက်ပွဲကျင်းပသည့်နေ့ ၂၈-၁၂-၂၀၂၅ ရက် နံနက် ၆ နာရီ မဲရုံမဖွင့်မီ သက်ဆိုင်ရာ မဲရုံမှူးများထံသို့ နည်းဥပဒေ ၆၃(စ)နှင့်အညီ စနစ်တကျအပ်နှံခဲ့ကြပါသည်။ မဲရုံပိတ်ချိန်တွင် မဲရုံမှူးက မဲဆန္ဒရှင်များ မဲပေးစက်ဖြင့် ဆန္ဒမဲပေးထားသည့် ဆန္ဒမဲရလဒ်စာရင်းကို မဲပေးစက်မှ ထုတ်ယူပြီးနောက် ကြိုတင်ဆန္ဒမဲများကို ရေတွက်ခဲ့ပါသည်။ ထို့နောက် မဲရုံမှူးသည် မဲပေးစက်ဖြင့် မဲပေးထားသည့် ဆန္ဒမဲအရေအတွက်နှင့် ကြိုတင်ဆန္ဒမဲစာရင်းများကို စုစည်း၍ ပုံစံ(၁၇-ခ)နှင့် ပုံစံ{၁၇(ခ-၁)}တို့တွင် ရေးသွင်းပြီး ဆန္ဒမဲရလဒ်စာရင်းများကို သက်ဆိုင်ရာမဲရုံအသီးသီးတွင် ကပ်ထားကြေညာခဲ့ပြီးဖြစ်ပါသည်။

၅။ သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် မိမိလက်ဝယ်ရှိ ပုံစံ(၁၇-က) နှင့် ပုံစံ{၁၇(က-၁)} ပါ ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများနှင့် မဲရုံအသီးသီးကရရှိသည့် ပုံစံ (၁၇-ခ) နှင့် ပုံစံ {၁၇(ခ-၁)} တို့ကို စုစည်း၍ မြို့နယ်ဆန္ဒမဲရလဒ်စာရင်း ပုံစံ(၁၈)နှင့် ပုံစံ (၁၈-၁)တို့တွင် စနစ်တကျရေးသွင်းခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် မိမိလက်ဝယ်ရှိ ပုံစံ(၁၇)နှင့် ပုံစံ (၁၇-၁) ပါ ကြိုတင်ဆန္ဒမဲစာရင်းနှင့် မြို့နယ်အသီးသီးက ပေးပို့လာသည့် ပုံစံ(၁၈)နှင့် ပုံစံ(၁၈-၁)ပါ ဆန္ဒမဲစာရင်းများကိုစုစည်း၍ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲစာရင်းများကို ပုံစံ(၁၉)နှင့် ပုံစံ(၁၉-၁)တို့တွင် ရေးသွင်းခဲ့ပါသည်။ အဆိုပါဆန္ဒမဲစာရင်းပုံစံများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အသိသက်သေများ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စိစစ်ပြီး မှန်ကန်ကြောင်းလက်မှတ်ရေးထိုး၍ အများပြည်သူ ကြည့်ရှုနိုင်ရန် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာပေးခဲ့ပြီးဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများသည် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် ကြိုတင်ဆန္ဒမဲများ ရေတွက်ခြင်း၊ ဆန္ဒမဲစာရင်းများ ပြုစုခြင်းနှင့် ကပ်ထားကြေညာခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူများတို့အား ဖိတ်ကြား၍ ပွင့်လင်းမြင်သာစွာဖြင့် တိကျမှန်ကန်စွာ ဆောင်ရွက်ခဲ့ကြပြီး ရရှိသည့်ဆန္ဒမဲစာရင်းများကို အများပြည်သူသိရှိနိုင်ရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)
# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စုနယ်မြေ | | | | | | |
| ၁ | ဇေယျာသီရိမြို့နယ် | | | ၅၈၇၄၆ | ၉၉၃၅ | ၆၈၆၈၁ | |
| | | ဦးခင်ရီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၉၅၈၄ | ၉၄၂၂ | ၄၉၀၀၆ | ၇၁.၃၅% |
| | | ဒေါ်ခင်မျိုးနွယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၇၄၃ | ၁၄၄ | ၄၈၈၇ | ၇.၁၂% |
| | | ဦးကျော်ရဲနိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၇၄၆ | ၁၃၉ | ၄၈၈၅ | ၇.၁၁% |
| | | ဦးပိုင်ပိုင် | ပြည်သူ့ပါတီ | ၃၇၄၄ | ၇၉ | ၃၈၂၃ | ၅.၅၇% |
| | | ဦးဇော်မျိုးခန့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၁၈၆ | ၁၁၂ | ၃၂၉၈ | ၄.၈၀% |
| | | ဒေါ်အေးသန္တာ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၄၃ | ၃၉ | ၂၇၈၂ | ၄.၀၅% |
| ၂ | ပုဗ္ဗသီရိမြို့နယ် | | | ၆၄၇၉၇ | ၁၁၃၈၁ | ၇၆၁၇၈ | |
| | | ဦးလှဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၂၇၅ | ၉၄၇၁ | ၄၄၇၄၆ | ၅၈.၇၄% |
| | | ဦးဇင်ဝိုင်း | ပြည်သူ့ပါတီ | ၇၅၈၂ | ၃၄၉ | ၇၉၃၁ | ၁၀.၄၁% |
| | | ဦးစိုင်းမောင်မောင်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၇၂ | ၅၄၄ | ၆၉၁၆ | ၉.၀၈% |
| | | ဦးသန်းမြတ်စိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၂၃၉ | ၃၉၅ | ၅၆၃၄ | ၇.၄၀% |
| | | ဒေါက်တာခင်စန္ဒီမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၀၇၈ | ၂၆၇ | ၄၃၄၅ | ၅.၇၀% |
| | | ဒေါ်ဆုမြတ်စန္ဒာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၄၂၉ | ၂၂၄ | ၃၆၅၃ | ၄.၇၉% |
| | | ဦးမောင်မောင်လှိုင် | တစ်သီးပုဂ္ဂလ | ၂၈၂၂ | ၁၃၁ | ၂၉၅၃ | ၃.၈၈% |
| ၃ | ဇမ္ဗူသီရိမြို့နယ် | | | ၄၂၃၇၇ | ၇၄၀၄ | ၄၉၇၈၁ | |
| | | ဦးမောင်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၆၁၇ | ၅၂၅၀ | ၂၈၈၆၇ | ၅၇.၉၉% |
| | | ဒေါက်တာအောင်မျိုး | တစ်သီးပုဂ္ဂလ | ၅၁၉၉ | ၈၁၂ | ၆၀၁၁ | ၁၂.၀၇% |
| | | ဒေါ်ရီရီဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၉၂ | ၃၈၁ | ၃၃၇၃ | ၆.၇၈% |
| | | ဦးကိုငယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၉၉၂ | ၂၅၆ | ၃၂၄၈ | ၆.၅၂% |
| | | ဦးဇော်မှိုင်း | ပြည်သူ့ပါတီ | ၂၅၀၈ | ၁၇၇ | ၂၆၈၅ | ၅.၃၉% |
| | | ဦးသောင်းထိုက် | တစ်သီးပုဂ္ဂလ | ၂၀၉၇ | ၁၉၃ | ၂၂၉၀ | ၄.၆၀% |
| | | ဒေါ်အိသန္တာချို | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၅၈၉ | ၁၈၂ | ၁၇၇၁ | ၃.၅၆% |
| | | ဦးဇော်လွင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၃၈၃ | ၁၅၃ | ၁၅၃၆ | ၃.၀၉% |
| ၄ | ပျဉ်းမနားမြို့နယ် | | | ၇၁၅၁၇ | ၈၃၀၁ | ၇၉၈၁၈ | |
| | | ဦးခင်မောင်ဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၈၁၇ | ၅၈၅၄ | ၃၇၆၇၁ | ၄၇.၂၀% |
| | | ဒေါ်သီသီနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၆၄၅ | ၆၀၁ | ၉၂၄၆ | ၁၁.၅၈% |
| | | ဦးဝင်းဌေးဦး | ပြည်သူ့ပါတီ | ၈၃၇၉ | ၄၇၉ | ၈၈၅၈ | ၁၁.၁၀% |
| | | ဦးအောင်သီဟဇော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၀၄၄ | ၄၇၉ | ၈၅၂၃ | ၁၀.၆၈% |
| | | ဦးသိန်းစိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၅၆ | ၃၂၇ | ၅၈၈၃ | ၇.၃၇% |
| | | ဦးလင်းလင်းမောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၇၈၆ | ၂၅၄ | ၅၀၄၀ | ၆.၃၁% |
| | | ဦးမြင့်ဇော် | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၄၂၉၀ | ၃၀၇ | ၄၅၉၇ | ၅.၇၅% |
| ၅ | ဒက္ခိဏသီရိမြို့နယ် | | | ၁၈၅၂၆ | ၃၂၈၇ | ၂၁၈၁၃ | |
| | | ဦးမြတ်ဟိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၀၁၀ | ၂၈၁၁ | ၁၂၈၂၁ | ၅၈.၇၈% |
| | | ဦးဟိန်းလပြည့်ထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၉၁ | ၉၆ | ၁၈၈၇ | ၈.၆၅% |
| | | ဒေါ်အိအိစိုး | တစ်သီးပုဂ္ဂလ | ၁၇၂၃ | ၉၂ | ၁၈၁၅ | ၈.၃၂% |
| | | ဦးသိန်းထွန်းအောင် | ပြည်သူ့ပါတီ | ၁၄၅၅ | ၅၈ | ၁၅၁၃ | ၆.၉၃% |
| | | ဒေါ်ဝင်းမြတ်မွန် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၉၉ | ၉၄ | ၁၃၉၃ | ၆.၃၉% |
| | | ဦးသူရ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၆၃ | ၇၉ | ၁၂၄၂ | ၅.၆၉% |
| | | ဦးဇော်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၈၅ | ၅၇ | ၁၁၄၂ | ၅.၂၄% |

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ၆ | လယ်ဝေးမြို့နယ် | | | ၁၂၀၁၈၇ | ၁၃၄၀၄ | ၁၃၃၅၉၁ | |
| | | ဦးဝင်းဌွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၀၃၄ | ၉၂၈၉ | ၅၇၃၂၃ | ၄၂.၉၁% |
| | | ဦးမြင့်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၇၈၅ | ၁၄၂၀ | ၂၅၂၀၅ | ၁၈.၈၆% |
| | | ဒေါ်ဖြိုးဖြိုးသွယ် | ပြည်သူ့ပါတီ | ၁၂၂၁၃ | ၆၂၇ | ၁၂၈၄၀ | ၉.၆၁% |
| | | ဦးမျိုးအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၅၅၇ | ၇၄၃ | ၁၁၃၀၀ | ၈.၄၆% |
| | | ဦးစိန်ဝင်း | တစ်သီးပုဂ္ဂလ | ၁၀၃၅၃ | ၅၀၂ | ၁၀၈၅၅ | ၈.၁၃% |
| | | ဦးဇင်မင်းဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၀၀၂ | ၅၃၆ | ၉၅၃၈ | ၇.၁၄% |
| | | ဦးထွန်းမြင့်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၂၄၃ | ၂၈၇ | ၆၅၃၀ | ၄.၈၉% |
| ၇ | တပ်ကုန်းမြို့နယ် | | | ၉၆၇၀၈ | ၁၃၃၂၃ | ၁၁၀၀၃၁ | |
| | | ဦးမောင်မောင်အုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၆၈၃၂ | ၁၀၆၅၉ | ၅၇၄၉၁ | ၅၂.၂၅% |
| | | ဒေါ်တင်တင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၁၃၄ | ၉၃၆ | ၁၆၀၇၀ | ၁၄.၆၀% |
| | | ဦးနေမျိုးအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၉၅၉ | ၆၂၁ | ၁၀၅၈၀ | ၉.၆၂% |
| | | ဦးကျော်ဝေဖြိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၅၆၀ | ၅၄၇ | ၁၀၁၀၇ | ၉.၁၉% |
| | | ဦးမင်းခင်ယုမောင် | ပြည်သူ့ပါတီ | ၉၇၃၆ | ၃၅၇ | ၁၀၀၉၃ | ၉.၁၇% |
| | | ဒေါ်ခင်ကျော့ကျော့ထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၄၈၇ | ၂၀၃ | ၅၆၉၀ | ၅.၁၇% |
| ၈ | ဥတ္တရသီရိမြို့နယ် | | | ၃၀၆၆၆ | ၉၈၇၉ | ၄၀၅၄၅ | |
| | | ဦးတင်အောင်စန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၅၃၉ | ၈၂၃၁ | ၂၄၇၇၀ | ၆၁.၀၉% |
| | | ဦးသီဟဇော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၆၉၁ | ၄၈၈ | ၅၁၇၉ | ၁၂.၇၇% |
| | | ဒေါ်နှင်းသီတာထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၃၇ | ၅၀၁ | ၃၄၃၈ | ၈.၄၈% |
| | | ဒေါ်ကြည်ကြည်ဌွေး | ပြည်သူ့ပါတီ | ၂၈၀၃ | ၂၅၉ | ၃၀၆၂ | ၇.၅၅% |
| | | ဒေါ်မျိုးသီတာသိန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၇၁ | ၂၄၆ | ၂၈၁၇ | ၆.၉၅% |
| | | ဦးနန်းဝင်းအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၂၅ | ၁၅၄ | ၁၂၇၉ | ၃.၁၆% |
| | ကချင်ပြည်နယ် | | | | | | |
| ၉ | တနိုင်းမြို့နယ် | | | ၁၂၂၃၀ | ၂၈၄၃ | ၁၅၀၇၃ | |
| | | ဦးမြင့်ကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၀၉၅ | ၂၅၂၂ | ၇၆၁၇ | ၅၀.၅၃% |
| | | ဦးငွါးဆာဆဲ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၂၂ | ၅၀ | ၂၅၇၂ | ၁၇.၀၆% |
| | | ဦးပွင့်ဦး | ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီ | ၂၀၆၆ | ၁၃၂ | ၂၁၉၈ | ၁၄.၅၈% |
| | | ဦးဝင်းနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၂၀ | ၁၀၃ | ၁၈၂၃ | ၁၂.၁၀% |
| | | ဦးတင်ဝင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၇၀ | ၂၀ | ၄၉၀ | ၃.၂၆% |
| | | ဦးမြင့်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၅၇ | ၁၅ | ၃၇၂ | ၂.၄၇% |
| ၁၀ | ခေါင်လန်ဖူးမြို့နယ် | | | ၄၃၇၅ | ၂၉၄ | ၄၆၆၉ | |
| | | ဦးဆင်ဆုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၁၄ | ၁၈၈ | ၂၅၀၂ | ၅၃.၅၈% |
| | | ဦးထူဟူးနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၅၄ | ၇၅ | ၁၄၂၉ | ၃၀.၆၁% |
| | | ဦးလယ်မယ်အားရွှေရမ် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၁၇ | ၂၅ | ၆၄၂ | ၁၃.၇၅% |
| | | ဦးအောင်ရဲလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၀ | ၆ | ၉၆ | ၂.၀၆% |
| ၁၁ | ပူတာအိုမြို့နယ် | | | ၁၉၉၀၈ | ၂၂၃၆ | ၂၂၁၄၄ | |
| | | ဦးရားနီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉၇၀၀ | ၁၅၄၂ | ၁၁၂၄၂ | ၅၀.၇၇% |
| | | ဒေါ်အားဒူးဒွေ့ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၃၅၃ | ၁၂၂ | ၃၄၇၅ | ၁၅.၆၉% |
| | | ဦးဒိန်ခန်ဒါဝိ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၂၉၄၉ | ၂၈၇ | ၃၂၃၆ | ၁၄.၆၁% |
| | | ဦးစဝ်ခွန့်နိခမ်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၃၃၀ | ၁၀၃ | ၁၄၃၃ | ၆.၄၇% |
| | | ဒေါ်မို့မို့လွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၉၄ | ၉၂ | ၉၈၆ | ၄.၄၅% |
| | | ဦးမီချယ်ဖုန်ရမ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၄၁ | ၄၆ | ၈၈၇ | ၄.၀၁% |
| | | ဦးစန်းထွန်း | ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီ | ၈၄၁ | ၄၄ | ၈၈၅ | ၄.၀၀% |

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ၁၂ | မိုးညှင်းမြို့နယ် | | | ၃၂၂၀၁ | ၄၄၃၆ | ၃၆၆၃၇ | |
| | | ဦးစိုးဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၅၂၁ | ၃၁၃၄ | ၁၃၆၅၅ | ၃၇.၂၇% |
| | | ဦးငွေအောင် | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၀၆၅ | ၆၇၄ | ၁၁၇၃၉ | ၃၂.၀၄% |
| | | ဦးကျော်ကျော်ဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၆၄၇ | ၃၀၆ | ၄၉၅၃ | ၁၃.၅၂% |
| | | ဦးလှခင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၁၄၀ | ၁၈၉ | ၄၃၂၉ | ၁၁.၈၂% |
| | | ဒေါ်ဖြူမာဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၂၈ | ၁၃၃ | ၁၉၆၁ | ၅.၃၅% |
| ၁၃ | မြစ်ကြီးနားမြို့နယ် | | | ၄၈၈၁၁ | ၆၂၁၉ | ၅၅၀၃၀ | |
| | | ဦးညွန့်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၅၅၇ | ၅၀၄၈ | ၂၄၆၀၅ | ၄၄.၇၁% |
| | | ဦးမရစ်ကွမ်ဂျာ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၆၁၀၀ | ၂၁၁ | ၆၃၁၁ | ၁၁.၄၇% |
| | | ဦးကျော်ရာဇာထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၄၃၇ | ၂၆၁ | ၅၆၉၈ | ၁၀.၃၅% |
| | | ဦးတင်အောင်စိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၉၀၁ | ၂၀၁ | ၅၁၀၂ | ၉.၂၇% |
| | | ဦးစိန်ဝင်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၇၅၁ | ၂၀၈ | ၃၉၅၉ | ၇.၁၉% |
| | | ဦးလန်းဘောမ် | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၃၂၁၉ | ၁၀၆ | ၃၃၂၅ | ၆.၀၄% |
| | | ဦးLဇော်ဒန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၄၃၂ | ၇၅ | ၂၅၀၇ | ၄.၅၆% |
| | | ဒေါ်မြတ်သန္တာငွေ | ပြည်သူ့ပါတီ | ၁၈၆၂ | ၆၃ | ၁၉၂၅ | ၃.၅၀% |
| | | ဒေါ်မာဂရက် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၅၅၂ | ၄၆ | ၁၅၉၈ | ၂.၉၀% |
| | ကယားပြည်နယ် | | | | | | |
| ၁၄ | ဘောလခဲမြို့နယ် | | | ၄၀၈ | ၁၃၄၃ | ၁၇၅၁ | |
| | | ဦးအေးမောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၃ | ၁၂၃၆ | ၁၅၆၉ | ၈၉.၆၁% |
| | | ဦးအောင်သူသိန်း | ကယားပြည်နယ်ပြည်သူ့ပါတီ | ၂၃ | ၆၅ | ၈၈ | ၅.၀၃% |
| | | ဦးမောင်ဆန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၆ | ၂၀ | ၅၆ | ၃.၁၉% |
| | | ဒေါ်မာလာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆ | ၂၂ | ၃၈ | ၂.၁၇% |
| ၁၅ | လွိုင်ကော်မြို့နယ် | | | ၂၇၇၉၃ | ၄၂၄၈ | ၃၂၀၄၁ | ၁၀၀% |
| | | ဦးမောင်ရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၁၀၈ | ၃၃၈၅ | ၁၄၄၉၃ | ၄၅.၂၃% |
| | | ဦးကျော်ကျော်မိုး | ကယားပြည်နယ်ပြည်သူ့ပါတီ | ၈၂၉၅ | ၄၀၈ | ၈၇၀၃ | ၂၇.၁၆% |
| | | ဦးစောနယ်စေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၅၂၅ | ၂၂၁ | ၄၇၄၆ | ၁၄.၈၁% |
| | | ဦးဇော်လွင်ငွေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၈၆၅ | ၂၃၄ | ၄၀၉၉ | ၁၂.၈၀% |
| | ကရင်ပြည်နယ် | | | | | | |
| ၁၆ | ဘားအံမြို့နယ် | | | ၈၈၅၉၁ | ၁၀၄၄၂ | ၉၉၀၃၃ | |
| | | ဦးသက်နိုင်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၆၂၁ | ၇၄၈၃ | ၃၄၁၀၄ | ၃၄.၄၄% |
| | | စောမျိုးမင်းဟန် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၂၈၀၃၆ | ၁၁၆၀ | ၂၉၁၉၆ | ၂၉.၄၈% |
| | | နန်းခင်သက်မာဝင်း | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၁၄၀၃၈ | ၈၇၈ | ၁၄၉၁၆ | ၁၅.၀၆% |
| | | မင်းကျော်စိုး | မွန်တိုးတက်ရေးပါတီ | ၈၁၉၄ | ၃၄၅ | ၈၅၃၉ | ၈.၆၂% |
| | | နန်းအေးအေးသန်း | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၈၀၆၂ | ၃၄၅ | ၈၄၀၇ | ၈.၄၉% |
| | | ဒေါ်အေးမိသန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၆၄၀ | ၂၃၁ | ၃၈၇၁ | ၃.၉၁% |
| ၁၇ | မြဝတီမြို့နယ် | | | ၁၂၄၄၉ | ၄၉၁၂ | ၁၇၃၆၁ | |
| | | ဦးခင်မောင်ချင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၀၅၆ | ၂၈၇၃ | ၇၉၂၉ | ၄၅.၆၇% |
| | | စောပြည်နယ် | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၄၄၈၈ | ၁၅၃၀ | ၆၀၁၈ | ၃၄.၆၆% |
| | | ဦးစံဝင်းကြည် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄၃၇ | ၃၈၆ | ၁၈၂၃ | ၁၀.၅၀% |
| | | ခွန်သိန်းဦး | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၁၄၆၈ | ၁၂၃ | ၁၅၉၁ | ၉.၁၇% |
| ၁၈ | သံတောင်ကြီးမြို့နယ် | | | ၅၅၂ | ၁၉၆၀ | ၂၅၁၂ | |
| | | ဦးစောဟေသားကြီး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၄၀ | ၁၆၆၁ | ၂၀၀၁ | ၇၉.၆၆% |
| | | စောပီတိုရီးနို | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၂၀၆ | ၂၈၃ | ၄၈၉ | ၁၉.၄၇% |
| | | ဦးသံစစ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆ | ၁၆ | ၂၂ | ၀.၈၇% |

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရှုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | | | | |
| ၁၉ | တီးတိန်မြို့နယ် | | | ၃၂၀၀ | ၁၀၃၅ | ၄၂၃၅ | |
| | | ဦးဆလိုင်းအောင်ပြည့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၃၅ | ၆၅၇ | ၁၉၉၂ | ၄၇.၀၄% |
| | | ဦးဒဲရစ်ကမ်ဇအာလ် | ဇိုမီးအမျိုးသားပါတီ | ၁၃၇၃ | ၂၆၀ | ၁၆၃၃ | ၃၈.၅၆% |
| | | ဦးဇင်ရှင်းပြောင် | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၄၉၂ | ၁၁၈ | ၆၁၀ | ၁၄.၄၀% |
| ၂၀ | ဟားခါးမြို့နယ် | | | ၁၆၀၅ | ၁၂၂၉ | ၂၈၃၄ | |
| | | ဦးဗန်နီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉၆၇ | ၁၀၄၀ | ၂၀၀၇ | ၇၀.၈၂% |
| | | ဦးရှိဘင် | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၄၅၂ | ၁၄၄ | ၅၉၆ | ၂၁.၀၃% |
| | | ဦးကံလင်း | ခူမီးအမျိုးသားပါတီ | ၁၈၆ | ၄၅ | ၂၃၁ | ၈.၁၅% |
| | မွန်ပြည်နယ် | | | | | | |
| ၂၁ | ကျိုက်ထိုမြို့နယ် | | | ၂၀၉၅၉ | ၂၃၈၃ | ၂၃၃၄၂ | |
| | | ဦးစိုးလှ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၆၈၀ | ၁၉၃၆ | ၁၀၆၁၆ | ၄၅.၄၈% |
| | | ဒေါ်မမကြီး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၆၁၂ | ၂၄၃ | ၅၈၅၅ | ၂၅.၀၈% |
| | | ဦးသူဘိုထွေး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၉၉၀ | ၈၁ | ၄၀၇၁ | ၁၇.၄၄% |
| | | ဦးသက်ပိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၆၇၇ | ၁၂၃ | ၂၈၀၀ | ၁၂.၀၀% |
| ၂၂ | ကျိုက်မရောမြို့နယ် | | | ၁၆၃၈၉ | ၄၆၆၆ | ၂၁၀၅၅ | |
| | | ဦးမျိုးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၄၅၃ | ၄၂၂၆ | ၁၀၆၇၉ | ၅၀.၇၂% |
| | | ဒေါ်မြင့်မြင့်ဝေ | မွန်ညီညွတ်ရေးပါတီ | ၄၂၄၅ | ၂၁၉ | ၄၄၆၄ | ၂၁.၂၀% |
| | | ဒေါ်ချိုချိုအေးအောင် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၂၁၁၇ | ၆၆ | ၂၁၈၃ | ၁၀.၃၇% |
| | | ဦးမင်းကိုကိုထွန်း | ပြည်သူ့ပါတီ | ၂၀၇၆ | ၈၄ | ၂၁၆၀ | ၁၀.၂၆% |
| | | ဦးအောင်မြင့်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၇၄ | ၅၄ | ၁၀၂၈ | ၄.၈၈% |
| | | ဒေါ်သန္တာဟိန်းဇော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၂၄ | ၁၇ | ၅၄၁ | ၂.၅၇% |
| ၂၃ | ချောင်းဆုံမြို့နယ် | | | ၄၈၆၄၄ | ၂၉၇၁ | ၅၁၆၁၅ | |
| | | ဦးစိုးသူ | မွန်ညီညွတ်ရေးပါတီ | ၂၂၈၇၅ | ၇၅၅ | ၂၃၆၃၀ | ၄၅.၇၈% |
| | | ဦးမျိုးဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၆၆၂ | ၂၀၁၇ | ၂၀၆၇၉ | ၄၀.၀၇% |
| | | ဦးအောင်ကိုကို | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၄၆၇၈ | ၁၂၈ | ၄၈၀၆ | ၉.၃၁% |
| | | ဒေါ်သဲသဲအိလွင်ပိုကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၂၉ | ၇၁ | ၂၅၀၀ | ၄.၈၄% |
| ၂၄ | မော်လမြိုင်မြို့နယ် | | | ၈၅၅၃၈ | ၅၃၇၇ | ၉၀၉၁၅ | |
| | | ဒေါ်ဥမ္မာဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇၀၉၇ | ၃၇၉၉ | ၃၀၈၉၆ | ၃၃.၉၈% |
| | | ဦးဖုန်းဝင်း | မွန်ညီညွတ်ရေးပါတီ | ၂၄၇၁၃ | ၅၉၉ | ၂၅၃၁၂ | ၂၇.၈၄% |
| | | ဒေါ်ခင်သဥ္စာမော် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၁၁၀၅၆ | ၂၇၁ | ၁၁၃၂၇ | ၁၂.၄၆% |
| | | ဦးလှဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၉၅၁ | ၂၅၆ | ၆၂၀၇ | ၆.၈၃% |
| | | ဦးလင်းရောင်ခြည် | ပြည်သူ့ပါတီ | ၆၀၃၀ | ၁၆၃ | ၆၁၉၃ | ၆.၈၁% |
| | | ဦးရဲဟိန်းလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၃၀၇ | ၁၇၀ | ၅၄၇၇ | ၆.၀၃% |
| | | ဦးဘုန်းဆုမင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၀၂ | ၈၀ | ၂၈၈၂ | ၃.၁၇% |
| | | ဒေါ်သီတာထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၅၈၂ | ၃၉ | ၂၆၂၁ | ၂.၈၈% |
| ၂၅ | သထုံမြို့နယ် | | | ၄၁၆၂၀ | ၄၂၆၀ | ၄၅၈၈၀ | |
| | | ဦးကျော်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၃၅၁ | ၃၄၄၂ | ၁၉၇၉၃ | ၄၃.၁၄% |
| | | ဒေါ်စုစုပြုံး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၆၁၄၇ | ၂၁၂ | ၆၃၅၉ | ၁၃.၈၆% |
| | | ဦးမောင်အေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၁၂၈ | ၂၁၈ | ၆၃၄၆ | ၁၃.၈၃% |
| | | ဦးသန်းဝေ | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၀၄၆ | ၁၆၄ | ၆၂၁၀ | ၁၃.၅၄% |
| | | ဒေါ်အိအိချော | ပြည်သူ့ပါတီ | ၄၁၃၀ | ၁၀၈ | ၄၂၃၈ | ၉.၂၄% |
| | | ဒေါ်သီတာခင်ကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၁၈ | ၁၁၆ | ၂၉၃၄ | ၆.၃၉% |

# ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် နှစ်မျိုး ရောင်းချပေးမည်

**နေပြည်တော် ဇန်နဝါရီ ၂**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းက **"၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်"** ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် နှစ်မျိုးကို **၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲ**မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးနှင့်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက် (တနင်္ဂနွေနေ့)**၌ ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။**(သတင်းစဉ်)**







# မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားကတ်များ ပျက်စီးပျောက်ဆုံးမှုမရှိဘဲ ပျက်စီးပျောက်ဆုံးမှုကို အကြောင်းပြကာ ထပ်မံတင်ပြတောင်းခံ၍ နိုင်ငံသားကတ်တစ်ခုထက် ပိုမိုကိုင်ဆောင်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခံရမည်

**နေပြည်တော် ဇန်နဝါရီ ၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်တစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးနှင့် ယခုကျင်းပလျက်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်တစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် ယခုရွေးကောက်ပွဲကာလတွင် နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်တစ်မျိုးမျိုး ပျက်စီး၊ ပျောက်ဆုံးသူ မဲဆန္ဒရှင် ပြည်သူများ မဲပေးပိုင်ခွင့် အခွင့်အရေးမဆုံးရှုံးစေရေးအတွက် မြို့နယ်အသီးသီးရှိ လဝကရုံးများကို အထူးကိစ္စတစ်ရပ်အနေဖြင့် ရုံးပိတ်ရက်မရှိ ရုံးဖွင့်လှစ်၍ ပျက်စီး၊ ပျောက်ဆုံးသည့် နိုင်ငံသားကတ်များကို ဥပဒေနှင့်အညီ အမြန်ဆုံး စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် နိုင်ငံသားကတ် ပျက်စီး၊ ပျောက်ဆုံးသူ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာမြို့နယ် လဝကရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။

သို့ရာတွင် ပြည်သူများအနေဖြင့် မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားကတ်များ ပျက်စီးပျောက်ဆုံးမှုမရှိဘဲ ပျက်စီးပျောက်ဆုံးမှုကို အကြောင်းပြကာ ထပ်မံတင်ပြတောင်းခံ၍ နိုင်ငံသားကတ်တစ်ခုထက် ပိုမိုကိုင်ဆောင်ပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခံရမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် မိုင်းတုံမြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်သုံးခု၌ ဒီဇင်ဘာ ၂၈ ရက်ကကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)၏ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဆွေးနွေးပြီး အပိုင်း(၂)တွင်ပါဝင်သည့် မိုင်းတုံမြို့နယ်၌ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက ရွေးကောက်ပွဲအပိုင်း(၂)ကျင်းပရာတွင် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်အေးချမ်းစွာနှင့် အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး၊ တိုင်းရင်းသားများဒေသဖြစ်၍ ဘာသာစကားအခက်အခဲမရှိစေရန် ကြိုတင်ဆောင်ရွက်ထားရှိရေး၊ ဆန္ဒမဲပေးရန် စောင့်ဆိုင်းစဉ်နားနေရန် ယာယီတဲနှင့် ထိုင်ခုံများ၊ သောက်ရေများစီစဉ်ထားရှိရေး၊ တောင်ပေါ်ကျေးရွာများအတွက် ကြိုပို့မော်တော်ယာဉ်များ အဆင်သင့်စီစဉ်ထားရှိရေး၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို အသေးစိတ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# သပိတ်ကျင်းမြို့နယ် ဝက်သေကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဝက်သေကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၂၆၁ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သပိတ်ကျင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သပိတ်ကျင်းမြို့နယ် ဝက်သေကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၅၅ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂**


မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများ စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခြောက်ထပ် အဆောက်အအုံလေးလုံးနှင့် အပိုင်း(၂)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ်အဆောက်အအုံ နှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ခြောက်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း၆၃၅ လုံးအနက် ၅၅၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင်အဆောက်အအုံ ၉၁ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

၎င်းအပြင် KK park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကို ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)








KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် ခြောက်ထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။





KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံများကို လေအိုးမီးအိုးဖြင့် မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

## ထူးခြားသည့် ညအပူချိန်များ ( ၂-၁-၂၀၂၆ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟားခါး | သုည | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၂ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် | တီးတိန် | ၅ | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | သီပေါ | ၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | လွိုင်ကော် | ၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၄ | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယပ် | လားရှိုး | ၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၀၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# အနှိုင်းမဲ့မိဘမေတ္တာ

**ကိုဘုန်း(ထုတ်လုပ်)**

လူ့ဘဝခရီးစဉ်တွင် အစဉ်အမြဲထွန်းညှိပေးသော နေအလင်းရောင်၊ မိုးရွာသောအခါ ခိုလှုံရာဖြစ်သော အဆောက်အအုံ၊ လေပြင်းတိုက်ခတ်လာသောအခါ အကာအရံဖြစ်သော သစ်ပင်ကြီးတို့အားလုံးသည် မိဘမေတ္တာကို မယှဉ်နိုင်ပေ။ မိဘမေတ္တာသည် သားသမီးအတွက် နက်ရှိုင်းသော သဘောတရားတစ်ခုလည်းဖြစ်သည်။

မိဘမေတ္တာသည် အခြေခံအားဖြင့် ပေးဆပ်ခြင်းဖြစ်သည်။ ကလေးငယ်တစ်ဦးကြီးပြင်းလာရန် လိုအပ်သောအရာများမှာ မှီခိုအားထားမှု၊ ချစ်ခြင်းမေတ္တာ၊ နွေးထွေးမှု၊ ဂရုစိုက်မှုတို့ပင်ဖြစ်ပြီး အဆိုပါအရာများကို မိဘနှစ်ပါးက အစဉ်ပေးဆပ်နေခြင်းပင်ဖြစ်သည်။ ဤပေးဆပ်မှုသည် ရယူလိုမှု၊ အကျိုးအမြတ်၊ ပြန်လည်သိတတ်မှုကိုမျှော်ကိုးခြင်းမရှိဘဲ စိတ်နှလုံးအပြည့်ဖြင့် သဘာဝအတိုင်းစီးဆင်းနေသော ချစ်ခြင်းမေတ္တာစမ်းရေအလျဉ်ပင်ဖြစ်သည်။

မေတ္တာသည် လူသားတစ်ဦး၏ ဘဝအုတ်မြစ်ကို ခိုင်မာစေသည်။ မိဘ၏ချစ်ခင်မှုနှင့် အကာအကွယ်ပေးခံရမှုသည် ကလေးတစ်ဦး လောကကြီးကို ယုံကြည်မှုဖြင့် ရင်ဆိုင်ရန်၊ မိမိကိုယ်ကို တန်ဖိုးထားတတ်ရန်၊ သူတစ်ပါးကို ချစ်ခင်ဂရုစိုက်တတ်ရန် သင်ကြားပေးသည့် ပထမဆုံးသောကျောင်းတစ်ခုဖြစ်သည်။ မိဘ၏ နားလည်မှုနှင့် အားပေးမှုရှိမှသာ လူငယ်တစ်ဦးသည် ဘဝ၏စိန်ခေါ်မှုများကို ရဲရင့်စွာ ရင်ဆိုင်နိုင်မည်ဖြစ်သည်။

မိဘမေတ္တာသည် အလွန်နက်နဲသိမ်မွေ့ပြီး မြင့်မြတ်လှပေသည်။ သို့သော် ယခုခေတ်လူငယ်များအတွက် မိဘမေတ္တာသည် တစ်ခါတစ်ရံတွင် ထိန်းချုပ်မှု၊ နားမလည်မှု၊ မျိုးဆက်ကွာဟမှုဟု ထင်မြင်တတ်ကြသည်။ သို့သော် ထိုမေတ္တာ၏ နောက်ကွယ်တွင် စိုးရိမ်ပူပန်မှု၊ အနာဂတ်အတွက် ကြောင့်ကြမှုနှင့် သားသမီး၏ အေးချမ်းသာယာသောဘဝကို မြင်တွေ့လိုသောအလိုဆန္ဒတို့ ရှိနေသည်။

ကံကောင်း၍ မိဘမေတ္တာကို ခံစားရပြီးနောက် မိဘမေတ္တာကိုတန်ဖိုးထားတတ်ရန်နှင့် ပြန်လည်ကျေးဇူးဆပ်တတ်ရန်လိုအပ်သည်။ ပြန်လည်ကျေးဇူးဆပ်ခြင်းသည် ဥစ္စာခနေပေးကမ်းခြင်းသက်သက်မဟုတ်ဘဲ စောင့်ရှောက်မှု၊ နားလည်မှု၊ ဂရုစိုက်မှုနှင့် ကျေးဇူးသိတတ်သောစိတ်ထားတို့ဖြစ်သည်။ မိဘများ အသက်အရွယ်ကြီးရင့်လာသောအခါ သူတို့၏လိုအပ်ချက်များကိုသိမြင်ပြီး ကူညီစောင့်ရှောက်ပေးခြင်းသည် မိဘမေတ္တာကို ပြန်လည်ကျေးဇူးဆပ်ခြင်းပင်ဖြစ်သည်။

မိဘများသည် သားသမီးများအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးဖြင့် ပြုစုပျိုးထောင်ကြသည်။ မိဘမေတ္တာသည် ချစ်ခြင်းသက်သက်မဟုတ် လူ့ဘဝတွင် အောင်မြင်စွာရပ်တည်နိုင်ရန် အဘက်ဘက်မှ သွန်သင်ဆုံးမကြခြင်းလည်းဖြစ်သည်။ မိဘများဖြစ်လာပါက ပါထိကဝဂ်ပါဠိတော်(သိင်္ဂါလောဝါဒသုတ်)အရ အောက်ပါတို့ကို အလိုလိုဆောင်ရွက်ပြီးသားပင်ဖြစ်ပေသည်။

**❖ မိဘမေတ္တာသည် အလွန်နက်နဲသိမ်မွေ့ပြီး မြင့်မြတ်လှပေသည်။ သို့သော် ယခုခေတ်လူငယ်များအတွက် မိဘမေတ္တာသည် တစ်ခါတစ်ရံတွင် ထိန်းချုပ်မှု၊ နားမလည်မှု၊ မျိုးဆက်ကွာဟမှုဟု ထင်မြင်တတ်ကြသည်။ သို့သော် ထိုမေတ္တာ၏နောက်ကွယ်တွင် စိုးရိမ်ပူပန်မှု၊ အနာဂတ်အတွက် ကြောင့်ကြမှုနှင့် သားသမီး၏ အေးချမ်းသာယာသောဘဝကို မြင်တွေ့လိုသောအလိုဆန္ဒတို့ရှိနေသည်။ ကံကောင်း၍ မိဘမေတ္တာကို ခံစားရပြီးနောက် မိဘမေတ္တာကို တန်ဖိုးထားတတ်ရန်နှင့် ပြန်လည်ကျေးဇူးဆပ်တတ်ရန်လိုအပ်သည်။ ❖**

**မကောင်းမှုမှ တားမြစ်ခြင်း(မကောင်းမြစ်ထာ)**

မိဘများသည် သားသမီးများကို ကိုယ်၊ နှုတ်၊ စိတ်ဖြင့်ပြုမှုသော မကောင်းမှုအကုသိုလ်တရားများမှရှောင်ကြဉ်ရန် အခြေခံမှစ၍သွန်သင်ဆုံးမကြလေ့ရှိသည်။ မိဘတို့သည် မည်သည့်သားသမီးအပြစ်လုပ်မိသည်ဖြစ်စေ အပြစ်မမြင်သည့်အပြင် အပြစ်ပေးခြင်း၊ ဆူငေါက်ခြင်းမရှိဘဲ မကောင်းမှု၏အကျိုးဆက်၊ အန္တရာယ်နှင့် အပြစ်ဒဏ်ကို ရှင်းလင်းစွာနားလည်အောင် ရှင်းပြ၍ သား၊ သမီးတို့အား လမ်းမှန်ရောက်အောင် လမ်းပြပေးလေ့ရှိကြသည်။ "ဤသို့ပြုလျှင် ဤသို့ဖြစ်တတ်သည်"ဟု ဆင်ခြင်တုံတရားဖြင့် သိစေပြီးမှ "သား၊ သမီး၊ ဤသို့ မပြုလုပ်ပါနှင့်"ဟု တားမြစ်ပြီး ပြုလုပ်မိပါကလည်း ဆုံးမပဲ့ပြင်ခြင်း၊ အမှန်ကိုတည့်မတ်ပြုပြင်ခြင်းဖြင့် နောင်တစ်ဖန် မပြုမိစေရန် လမ်းညွှန်ပေးတတ်သည့် မိဘမေတ္တာကို သိနားလည်ကာ သား၊ သမီးတို့က လိုက်နာသင့်ပေသည်။

**ကောင်းမှုတွင်စေ့ဆော်ခြင်း(ကောင်းရာညွှန်လတ်)**

မိဘတို့သည် သား၊ သမီးတို့ကို မကောင်းမှုမှ တားမြစ်ရုံသာမက ကုသိုလ်ကောင်းမှုများဖြစ်သည့် စွန့်ကြဲလှူဒါန်းခြင်း၊ သီလဆောက်တည်ခြင်း၊ သမထ၊ ဝိပဿနာဘာဝနာကျင့်ခြင်း စသည်တို့ကိုလည်း စိတ်ဝင်စားအောင် စေ့ဆော်တိုက်တွန်းတတ်ကြပေသည်။

**အတတ်ပညာကို သင်ကြားပေးခြင်း(အတတ်သင်စေ)**

မိဘများတွင် တတ်မြောက်ထားသော အတတ်ပညာ၊ အတွေ့အကြုံများကို သားသမီးများကို မျှဝေသင်ကြားပေးသည့်အပြင် လောကအလယ် တင့်တယ်စွာရပ်တည်နိုင်စေရန်အတွက် ပညာအမွေကို ပေးလေ့ရှိကြသည်။ မိဘများသည် မိမိတို့သည်သာ အတန်းပညာမတတ်၊ ပညာရေးအားနည်းစေကာမူ သား၊ သမီးများကို ပညာတတ်ကြီးဖြစ်စေလိုကြသည်။ ထို့ကြောင့် မိဘနှစ်ပါးက အပင်ပန်းခံကာ ကျောင်းများသို့ သား၊ သမီးများကိုစေလွှတ်၍ အတန်းပညာ၊ အတတ်ပညာ သင်ယူစေကြသည်။ သား၊ သမီးတို့က အရွယ်ရောက်၍ ပညာတတ်ကြီးများဖြစ်သွားသည့်အခါ မိဘတို့၏ကျေးဇူးကို သိမြင်နားလည်ကြရပေမည်။

**အချိန်တန်လျှင် အမွေပေးခြင်း(ပေးဝေနှီးရင်း)**

မိဘများသည် မိမိတို့ရှာဖွေစုဆောင်းခဲ့သည့် ဥစ္စာပစ္စည်းများကို အချိန်ကောင်းတွင် သားသမီးများကို အညီအမျှဝေစုခွဲဝေပေးကာ လောကတွင် ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်ရေး မီးပြတိုက်သဖွယ် လမ်းပြပေးတတ်ကြသေးသည်။

**သင့်လျော်သောအိမ်ထောင်ဖက်နှင့် ပေါင်းဖက်ပေးခြင်း(ထိမ်းမြားခြင်းလျှင်)**

သားသမီးများလက်ထပ်ရန် အရွယ်ရောက်လာသောအခါ မိဘများအနေဖြင့် ကြိုတင်စိစစ်၍ သင့်လျော်လျောက်ပတ်သော အိမ်ထောင်ဖက်ကို ရှာဖွေပေး၍ အိမ်ထောင်ဖက်ဆိုးများနှင့် မပေါင်းဖက်မိစေရန် ရွေးချယ်ပေးတတ်သေးသည်။ ဤသည်မှာ သားသမီး၏ နောင်ရေးတစ်လျှောက်လုံး ပျော်ရွှင်သောမိသားစုဘဝဖြစ်စေရေးအတွက် မိဘတို့၏ အရေးပါသောလမ်းညွှန်မှုတစ်ရပ်ဖြစ်သည်။ ယနေ့ခေတ်တွင် မိဘများသည် သားသမီး၏ ဆန္ဒနှင့် ရွေးချယ်ခွင့်ကို အလေးထားကာ အကြံဉာဏ်ပေးခြင်း၊ လမ်းညွှန်ခြင်းတို့ကိုသာ ဆောင်ရွက်ပေးကြသည်။

ဤမိဘကျင့်ဝတ်ငါးရပ်သည် ဗုဒ္ဓဘာသာအလိုအရ မိဘနှင့် သားသမီးကြား ရိုသေလေးစားမှု၊ ကူညီစောင့်ရှောက်မှုနှင့် အပြန်အလှန်တာဝန်ကျေပွန်မှုကို အခြေခံထားသည်။

ထိုသို့ မိဘတို့၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားတို့ဖြင့် သားသမီးများကို ကောင်းမွန်စွာပြုစုပျိုးထောင်ပေးသည်ကို သား၊ သမီးတို့ကလည်း သား၊ သမီးဝတ္တရား ပြန်လည်ကျေပွန်ကြရမည်ဖြစ်သည်။

အရာရာတိုင်းတွင် ခြွင်းချက်ဆိုသည်မှာ ရှိစမြဲပင်ဖြစ်သည်။ တာဝန်ကျေပွန်သော မိဘများရှိသကဲ့သို့ တာဝန်မဲ့သော မိဘများလည်းရှိပေသည်။ သို့သော်လည်း မိဘဆိုသည်မှာ အနန္တောအနန္တ ဂိုဏ်းဝင်ဖြစ်သဖြင့် မွေးကျေးဇူးနှင့် ကျွေးကျေးဇူး ကြီးမားသည်ကို သား၊ သမီးတိုင်း သိနားလည်ရန် လိုအပ်သည်။

နိဂုံးချုပ်အနေဖြင့် မိဘမေတ္တာသည် လူ့ဘဝ၏ အခြေခံအုတ်မြစ်နှင့် အမိုးအကာဖြစ်သည်။ ဤမေတ္တာသည် အသက်ရှင်သန်မှု၏ အနှစ်သာရကို သင်ကြားပေးသည်။ မိဘမေတ္တာကို နားလည်ခြင်း၊ တန်ဖိုးထားခြင်းနှင့် ဆက်လက်ထိန်းသိမ်းခြင်းအားဖြင့် လူ့ဘဝသည် ပိုမိုနက်ရှိုင်းပြီး ပြည့်စုံလာမည်ဖြစ်သည်။ မိဘမေတ္တာသည် ကျွန်ုပ်တို့ကို ပေးဆပ်ထားသော ကျေးဇူးတစ်ခုဖြစ်ပြီး ထိုကျေးဇူးကို ဂရုစိုက်မှုနှင့် ချစ်ခင်မှုဖြင့် ပြန်လည်ဆပ်ကြရန် တာဝန်ရှိသည်။ ဤမေတ္တာသည် လူသားတိုင်း၏ နှလုံးသားထဲတွင် အစဉ်ထွန်းလင်းနေသော မီးအိမ်တစ်ခုဖြစ်ပြီး ထိုမီးအိမ်၏အလင်းရောင်ဖြင့် ကျွန်ုပ်တို့၏ ဘဝခရီးကို ဆက်လက်ဖြတ်သန်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**တမူး ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၂၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြို့သစ်မြို့နယ်တွင် ၁၀၄၈ ဧက၊ တမူးမြို့နယ်တွင် ၂၈၁၃ ဧက၊ ခါမ်းပါတ်မြို့တွင် ၉၈၉ ဧက စုစုပေါင်း ဧက ၄၈၅၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ မြေထောက်ပဲ ၄၂၉၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၈၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေထောက်ပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၁၀၀၀၊ တမူးမြို့နယ်တွင် ၂၂၉၅ ဧက၊ ခါမ်းပါတ်မြို့တွင် ဧက ၁၀၀၀ စုစုပေါင်း ၄၂၉၅ ဧက ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် မြေထောက်ပဲစိုက်တောင်သူများအနေဖြင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မြေထောက်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

## ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကောလင်း ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ လျာထား ကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ ကြောင်း ကောလင်းခရိုင် စိုက်ပျိုး ရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်း သီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၀၈၈ ကေစိုက်ပျိုးရန် လျာထားပြီး အဆိုပါမြေပဲစိုက်ပျိုးမှုကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်း မြို့နယ်တွင် ၆၀၀၂ ကေ၊ ဝန်းသိုမြို့ နယ်တွင် ၁၁၅၂ ကေ၊ ပင်လည်ဘူး မြို့နယ်တွင် ၂၅၁၂ ကေ စုစုပေါင်း ၉၆၆၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ မြေပဲ ၉၀၈၈ ကေလျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၉၆၆၆ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါ တယ်။ လက်ရှိ အချိန်မှာတော့ လျာထားကေထက် တိုးချဲ့စိုက်ပျိုး နိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေ နဲ့ကတော့ အောင်မြင်တဲ့ အနေ အထားမှာရှိပါတယ်။ မြေပဲစိုက် ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကော လင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ဆောင်း သီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက် ပျိုးရန် မြို့နယ်အလိုက်လျာထားမှု အနေဖြင့် ကောလင်းမြို့နယ်တွင် ကေ ၆၁၀၀၊ ဝန်းသိုမြို့နယ်တွင် ၂၃၅၅ ကေ၊ ပင်လည်ဘူးမြို့နယ် တွင် ၆၃၃ ကေ စုစုပေါင်း ၉၀၈၈ ကေတို့ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုး တက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေ သည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင် သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွား ဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာ မည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း သွားကြရမည်ဖြစ် ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်း က ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

## ဒေးဒရဲမြို့နယ် အေးရွာသစ်ကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဒေးဒရဲ ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ ခရိုင် ဒေးဒရဲမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန က ဒါးမသိမ်းကျေးရွာအုပ်စု အေးရွာ သစ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဆောင်ရွက်သော ဗို့ ၄၀၀ ဓာတ် အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်း က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ဒေးဒရဲမြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် အေးရွာသစ်ကျေးရွာတွင် ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်း လုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာ သားများနှင့်တွေ့ဆုံကာ ဆောင် ရွက်ပြီးစီးသော ဖွံ့ဖြိုးရေးလုပ်ငန်း ကို ရေရှည်ခိုင်မြဲရေး သက်ဆိုင်သူ အားလုံး ဝိုင်းဝန်းထိန်းသိမ်းရမည် ဖြစ်ကြောင်း မှာကြားခဲ့သည်။

အဆိုပါ ဗို့ ၄၀၀ ဓာတ်အား လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၁၀ ဒသမ ၃ သန်း ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ ခုနှစ် အောက်တို ဘာ ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်း ပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ် ကြောင်း၊ အဆိုပါလုပ်ငန်းဆောင် ရွက်ပြီးစီးသဖြင့် အေးရွာသစ်ကျေး ရွာရှိ လူဦးရေ ၄၈၅ ဦးတို့မှာ ယခင် ထက် မိသားစုစီးပွားရေးလုပ်ငန်း များ အဆင်ပြေလာမည်ဖြစ် ကြောင်း ဒေးဒရဲမြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုး မြင့်ထံမှ သိရသည်။ **သန်းသန်းစိုး**

## ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ဒီဇင်ဘာလအတွင်း ခရီးသွားဧည့်သည်အများအပြား လာရောက်လည်ပတ်ခဲ့

**ငပုတော ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ငပု တောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာအနီးရှိ ငွေ တောင်ကမ်းခြေသို့ ဒီဇင်ဘာလ အတွင်း ခရီးသွားဧည့်သည် ဦးရေ အများအပြား လာရောက်လည် ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငပုတောမြို့နယ် ဟိုင်းကြီး ကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ အတွင်းက ခရီးသွားဧည့်သည် ၁၅၄၄၈ ဦးထိ လာရောက်လည် ပတ်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ခရီး သွားဧည့်သည် ၂၂၇၄၅ ဦးထိ လာရောက် လည်ပတ်ခဲ့ကြောင်း သိရသည်။

"ဒီဇင်ဘာလအတွင်း ငွေ တောင်ကမ်းခြေကို ခရီးသွား ဧည့်သည်တွေ အလာများခဲ့ပါ တယ်။ ပိတ်ရက်တွေမှာလာတဲ့သူ များခဲ့တာပါ။ ဒါ့ပြင် ငွေတောင် ကမ်းခြေက မြတ်မော်တင်စွန်း စေတီတော်နဲ့နီးတဲ့ ကမ်းခြေဖြစ် တာကြောင့် ခရီးသည်တွေက ဘုရားဖူးလာရင်း အပန်းဖြေကြ



တာဖြစ်ပါတယ်။ လက်ရှိလဲ ပုံမှန် ထက် လာရောက်လည်ပတ်တဲ့သူ တွေများနေတာ ဖြစ်ပါတယ်။ ခရီး သွားတွေကို စနစ်တကျဝန်ဆောင် မှု ပေးနေပါတယ်"ဟု ငပုတောမြို့ နယ် ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံဒေါ်နီနီမာက ပြောပြသည်။

အဆိုပါကမ်းခြေသို့ လာ ရောက်အပန်းဖြေသည့် ခရီးသွား ဧည့်သည်များ ခရီးစဉ်အဆင်ပြေ စေရန်၊ သန့်ရှင်းမှုရရှိစေရန်၊ စနစ် တကျအနားယူနိုင်ရန် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး စသည့် လုပ်ငန်းများကို ခရီးသွားလုပ်ငန်း ရှင်များ၊ သက်ဆိုင်ရာ တာဝန်ရှိ သူများ၊ ဒေသခံများက ပေါင်းစပ် ဆောင်ရွက်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## လှိုင်းဘွဲ့မြို့နယ် ဝါးခုတ္တောကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ ဇန်နဝါရီ ၂**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်း သော သောက်သုံးရေ ရရှိစေရန် ရည်ရွယ်၍ သာယာကုန်းကျေးရွာ အုပ်စု ဝါးခုတ္တောကျေးရွာ၌ သောက်သုံးရေ ရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို ဇန်နဝါရီ ၁ ရက် နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ မြို့နယ်ဦးစီးမှူး ဦးကျော်နိုင် ထွန်းနှင့် တာဝန်ရှိသူများက ဝါးခုတ္တောကျေးရွာရှိ သောက်သုံး ရေ ရရှိရေးကော်မတီ ဝင်များနှင့် အတူ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစင် တည်ဆောက်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူး ဦးကျော်နိုင်ထွန်းက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့ ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်း ထိန်းသိမ်း စောင့်ရှောက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများအား မှာကြားသည်။

လှိုင်းဘွဲ့မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု အထွေထွေပိုလျှံ ရန်ပုံငွေကျပ် ၅၈ သန်းဖြင့် ဝါး ခုတ္တောကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၂၀၀ရှိ စက်ရေတွင်းတစ်တွင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်၊ ရေစက်ရုံ အောက်ခန်းဖွဲ့ခြင်းနှင့် ဆိုလာတပ် ဆင်ခြင်း လုပ်ငန်းများကို ကျေးရွာ ရေရရှိရေး ကော်မတီက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်တာဝန်ယူ ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သဖြင့် အဆိုပါကျေးရွာ ရှိ ကျေးရွာနေ ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ကိုသက်**

## ဟိုပုံးမြို့နယ် ပုံချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုံး ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘော်ကုန်းကျေးရွာအုပ်စု ပုံချောင် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေး ခြင်းကို ဇန်နဝါရီ ၁ ရက် နံနက် ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုး လွင်မြင့်က ပုံချောင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစု ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာ သော ရန်ပုံငွေများဖြင့် ကျေးရွာ တွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန် စသည့်ရည်ရွယ်ချက်များ ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေး ရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက စီမံ ကိန်းအကြောင်းအရာများ၊ အတိုး နှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာ ရမည့် စည်းကမ်းသတ်မှတ်ချက် များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် များထံ အရင်းမပျောက် လည်ပတ် ရန်ပုံငွေကျပ် ၇၆၅ သိန်းကို လွှဲ ပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေး ရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ က ပုံချောင်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၈ ဦး ကို အရင်းမပျောက် လည်ပတ်ရန်ပုံ ငွေကျပ် ၇၆၅ သိန်းကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ ကြောင်း ဟိုပုံးမြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ သိရသည်။ **မောင်ခိုင်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## အနောက်ဩစတြေးလျပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် ပက်သ်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ယာယီပိတ်ထားရ



**ကင်ဘာရာ ဇန်နဝါရီ ၂**

ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ် ပက်သ်မြို့အနီးတွင် နှစ်သစ်ကူးညဉ့် တောမီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ပြီး တောမီးလောင်ကျွမ်းမှုကြောင့် ပက်သ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ယာယီပိတ်ထားရကြောင်း အနောက်ဩစတြေးလျ ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် ပက်သ်မြို့ အရှေ့ဘက်ပိုင်းမှစတင်၍ လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး လေတိုက်နှုန်း မြင့်မားနေသည့်အတွက် လူနေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းနိုင်ကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၁၅၀ ထိ အသုံးပြုထားပြီး လိုအပ်ပါက လေကြောင်းအကူအညီကို တောင်းခံသွားမည်ဖြစ်ကြောင်း၊ တောမီး လောင်ကျွမ်းမှုသည် အပူချိန်မြင့်တက်မှုကြောင့် လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အပူချိန်ပမာဏမှာ ၃၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း အနောက်ဩစတြေးလျ ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အပူချိန်မြင့်တက်မှုကြောင့် ပက်သ်မြို့အရှေ့ဘက်ပိုင်းကနေ စတင်ပြီး တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပါတယ်။ လေတိုက်နှုန်းလဲ မြင့်မားတဲ့အတွက် တောမီးကူးစက်မှုနှုန်းက မြန်ဆန်နေတယ်။ နေရာတချို့မှာတော့ တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်ပေမဲ့လဲ နေရာတချို့မှာတော့ တောမီးထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်"ဟု အနောက်ဩစတြေးလျပြည်နယ်အာဏာပိုင်အဖွဲ့ အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

## မောင့်ဘာနီတယ်လောင်းမီးတောင် ပေါက်ကွဲသည့်လက္ခဏာများပြနေ

**ဂျကာတာ ဇန်နဝါရီ ၂**

အင်ဒိုနီးရှားနိုင်ငံ အဆက်ဟ်ဒေသတွင် တည်ရှိသည့် မောင့်ဘာနီတယ်လောင်း မီးတောင်သည် ဒီဇင်ဘာ ၃၁ ရက် ညတွင် မီးတောင်ပေါက်ကွဲသည့်လက္ခဏာများပြနေပြီး မီးတောင်အတွင်းမှ မီးခိုးငွေ့များ ပေါက်ထွက်နေကြောင်း Geological Agency at Energy(GAE) က ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆက်ဟ်ဒေသတွင်ရှိသော မီးတောင်များအနက် မောင့်ဘာနီတယ်လောင်း မီးတောင်ပေါက်ကွဲမှုသည် ဒုတိယအားအကောင်းဆုံး မီးတောင်ပေါက်ကွဲမှုဖြစ်ကြောင်း၊မောင့်ဘာနီတယ်လောင်း မီးတောင်အောက်တွင် ဒီဇင်ဘာ ၃၁ ရက်က ငလျင် ၁၄ ကြိမ်ထိ လှုပ်ခတ်ခဲ့ပြီး အသေးစားငလျင်လှုပ်ခတ်မှုဖြစ်သော်လည်း မီးတောင်အောက်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည့်အတွက် မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း Geological Agency at Energy (GAE)က ထုတ်ပြန်ခဲ့သည်။

"မောင့်ဘာနီတယ်လောင်း မီးတောင်ပေါက်ကွဲမှု လက္ခဏာတွေပြသနေပါတယ်။ မီးတောင်အတွင်းကနေ မီးခိုးငွေ့တွေပေါက်ထွက်နေပြီးတော့ မီးတောင်ပေါက်ကွဲမှုအခြေအနေဟာ အန္တရာယ်ရှိတဲ့အခြေအနေကို အချိန်မရွေး ရောက်သွားနိုင်တယ်။ မီးခိုးငွေ့တွေကြောင့်လဲ လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်နိုင်ပါတယ်။ အဆက်ဟ်ဒေသမှာရှိတဲ့ မီးတောင်တွေအနက် မောင့်ဘာနီတယ်လောင်း မီးတောင်ပေါက်ကွဲမှုက ဒုတိယမြောက် အားအပြင်းဆုံး မီးတောင်ပေါက်ကွဲမှုဖြစ်ပါတယ်။ မီးတောင်အခြေအနေကိုလဲ ဆက်လက် စောင့်ကြည့်နေပါတယ်။ အနီးပတ်ဝန်းကျင်မှာ နေထိုင်တဲ့ ဒေသခံတွေကိုလဲ မီးတောင်အန္တရာယ်သတိပေးချက်နဲ့ ပတ်သက်ပြီး အမြဲစောင့်ကြည့်သွားဖို့ သတိပေးထားပါတယ်"ဟု Geological Agency at Energy (GAE) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

## ဖိလစ်ပိုင်နိုင်ငံရှိ မာယွန်မီးတောင်မငြိမ်မသက်ဖြစ်ကာ လှုပ်ရှားမှုအကြိမ်ရေ တိုးလာသဖြင့် သတိပေးချက်အဆင့် တိုးမြှင့်ထုတ်ပြန်ထား

**မနီလာ ဇန်နဝါရီ ၂**

ဖိလစ်ပိုင်နိုင်ငံ လူဇွန်ကျွန်း အယ်ဘေးပြည်နယ် မာယွန်မီးတောင် မငြိမ်မသက်ဖြစ်ကာ လှုပ်ရှားမှုအကြိမ်ရေ တိုးလာသဖြင့် သတိပေးချက်အဆင့် တိုးမြှင့် ထုတ်ပြန်ထားကြောင်း ဖိလစ်ပိုင်မီးတောင်ဗေဒနှင့် ငလျင်ဗေဒဌာန(PHIVOLCS)က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

မီးတောင်လှုပ်ရှားမှုကို အစက သတိပေးချက်အဆင့်(၁) အနိမ့်ဆုံးမငြိမ်မသက်မှုမှ သတိပေးချက်အဆင့်(၂) မငြိမ်မသက်မှု တိုးလာခြင်း သို့မဟုတ် အသင့်အတင့်သို့ ယနေ့တွင် တိုးမြှင့်ထုတ်ပြန်ခဲ့ကြောင်း၊ မီးတောင်အောက်ရှိ မြေများရွေ့လျားနေသဖြင့် မီးတောင်ပေါက်ကွဲရန် အလားအလာများကြောင်း၊ မြေနှင့် မြေအောက်ရေ၊ ရေကန်၊ ပင်လယ်ရေ စသည်တို့တွေ့ဆုံရာမှ မီးတောင်ပေါက်ကွဲမှုဖြစ်ပေါ်လာနိုင်ပြီး ထိုဖြစ်စဉ်ဖြစ်ပေါ်ပါက သဲမှုန်၊ ပြာမှုန်များ ထွက်လာတတ်ကြောင်း၊ အဆိုပါအမှုန်များ လေထုထဲပျံ့နှံ့ပါက ကျန်းမာရေးဆိုင်ရာ အသက်ရှူလမ်းကြောင်းအန္တရာယ်အပြင် လေယာဉ်ပျံသန်းမှုများလည်း ထိခိုက်နိုင်ပြီး ရုတ်တရက်ပေါက်ကွဲနိုင်ခြေ မြင့်တက်နိုင်ကြောင်း PHIVOLCS က သတိပေးချက် ထုတ်ပြန်ထားသည်။



ထို့ကြောင့် အဆိုပါမီးတောင်အနီး နေထိုင်သောဒေသခံများ အနေဖြင့် သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင် သတိပြုနေထိုင်ကြရန် သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

## အာဖဂန်နစ္စတန်နိုင်ငံတွင် မိုးရွာသွန်းမှုနှင့် ဆီးနှင်းကျဆင်းမှုတို့ကြောင့် လူ ၁၂ ဦးသေဆုံးပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့

**ကဘူးလ် ဇန်နဝါရီ ၂**

အာဖဂန်နစ္စတန်နိုင်ငံတွင် ရာသီဥတု ဖောက်ပြန်မှုများဖြစ်သော မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဆီးနှင်းများကျဆင်းမှုကြောင့် လူ ၁၂ ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ယနေ့တွင် ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်နယ်များဖြစ်သော ကပီဆာ၊ ပါဝမ်၊ ဒိုင်းကွန်ဒီ၊ ဥရုဇ်ဂန်၊ ကန်ဒါဟာ၊ ဟဲလ်မန်ဒ်၊ ဘတ်ဒ်ဂစ်စ်၊ ဖာရိယာဘ်၊ ဘာဒါခ်ရှန်၊ ဟဲရတ်ပြည်နယ်တို့တွင် ယခုသီတင်းပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဆီးနှင်းများကျဆင်းမှုကြောင့် ဒေသခံများ အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့သည့်အပြင် လူသေဆုံးမှုများလည်း ဖြစ်ပွားခဲ့ကြောင်း အာဏာပိုင်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် ယူဆက်ဟာမက်က ပြောကြားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဆီးနှင်းများ ကျဆင်းမှုကြောင့် လူနေအိမ် ၁၈၅၉ လုံး လုံးဝပျက်စီးခဲ့ရသည့်အပြင် ကျေးလက်လမ်း ၂၀၉ ကီလိုမီတာကိုလည်း ရေလွှမ်းမိုးပျက်စီးခဲ့ကြောင်း၊ ကျွဲ၊ နွား၊ ဝက်ကဲ့သို့ မွေးမြူရေးတိရစ္ဆာန်ကောင်ရေ ၁၂၀၀ ခန့် သေဆုံးခဲ့ရပြီး စိုက်ပျိုးမြေ ၁၃၉၄၁ ဧကရေနစ်မြုပ် ပျက်စီးခဲ့ရသဖြင့် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကူညီကယ်ဆယ်ရေးအဖွဲ့များကို သဘာဝဘေး ထိခိုက်ခံရသော နေရာများသို့ စေလွှတ်ထားပြီး ကယ်ဆယ်ရေးနှင့် အရေးပေါ်အကူအညီများ ဆောင်ရွက်ပေးနေပြီး ပျက်စီးဆုံးရှုံးမှုများစာရင်းကို ဆက်လက်စိစစ် ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

## ပိုလန်နိုင်ငံတွင် နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မော်တော်ယာဉ်များအသုံးမပြုရန် သတိပေးချက်ထုတ်ပြန်

**ဝါဆော ဇန်နဝါရီ ၂**

ပိုလန်နိုင်ငံ ဝါဆောမြို့နှင့် ဘယ်လ်တစ်မြို့တို့တွင် နှင်းမုန်တိုင်းကျဆင်းမှုကြောင့် ဆီးနှင်းများ ထူထပ်စွာကျဆင်းနေပြီး လမ်းမကြီးများထက်တွင် ဆီးနှင်းထုမြင့်မားလာသည့်အတွက် မော်တော်ယာဉ်များ အသုံးမပြုရန် ပိုလန် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

တာဝန်ရှိသူများက လမ်းမကြီးများထက်တွင် ပိတ်ဖုံးနေသည့် ဆီးနှင်းများကို စတင်ရှင်းလင်းပေးနေပြီဖြစ်သော်လည်း ဆီးနှင်းများ ထူထပ်စွာကျဆင်းနေဆဲဖြစ်သည့်အတွက် ရာသီဥတုအခြေအနေပေါ်မူတည်ပြီး လမ်းမကြီးကို ပြန်လည်အသုံးပြုခွင့် ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများ မလိုလားအပ်သည့်ဆုံးရှုံးမှုများ မရှိစေရေးအတွက် တားမြစ်ချက်ကို ထုတ်ပြန်ခြင်းဖြစ်သည်ဟု နိုင်ငံပိုင်ရုပ်သံလိုင်းမှတစ်ဆင့် ကြေညာခဲ့ကြောင်း သိရသည်။

"နှင်းမုန်တိုင်းကြောင့် ဆီးနှင်းတွေထူထပ်စွာ ကျဆင်းနေပါတယ်။ လမ်းမကြီးတွေထက်မှာလဲ ဆီးနှင်းတွေ ပိတ်ဖုံးနေပြီးတော့ ဆီးနှင်းထူထပ်စွာ ပိတ်ဖုံးနေတော့ မော်တော်ယာဉ်တွေအသုံးပြုဖို့အတွက် အန္တရာယ်များတဲ့အခြေအနေဖြစ်ပါတယ်။ အထူးသဖြင့် ဝါဆောမြို့နဲ့ ဘယ်လ်တစ်မြို့မှာ ဆီးနှင်းတွေကြောင့် လမ်းမကြီးတွေ လုံးဝအသုံးပြုဖို့ မသင့်တော့တဲ့အခြေအနေ ဖြစ်တဲ့အတွက် လမ်းမကြီးတွေကို ယာယီပိတ်ထားပါတယ်။ ပိတ်ထားတဲ့ လမ်းမကြီးတွေကိုလဲ တာဝန်ရှိသူတွေက ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ဆီးနှင်းတွေ ကျဆင်းနေဆဲဖြစ်တဲ့အတွက် ကာလတစ်ခုထိတော့ လမ်းမကြီးတွေကို ယာယီပိတ်ထားမှာဖြစ်ပါတယ်"ဟု ပိုလန်အခြေခံအဆောက်အအုံ ဒုတိယဝန်ကြီး မာကော့စကီးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# တနင်္ဂနွေနေ့ညရဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲမှာ ဆန်းဒါးလန်းအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်း၊ လာဇီယိုအသင်းတို့ ရလဒ်ကောင်းသွားမှာပါ

ML



ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာ ဥရောပပြိုင်ပွဲအသီးသီးက ကလပ်အသင်းတွေအနေနဲ့ ပုံမှန်အတိုင်း ပြန်လည်ကစားကြမှာဖြစ်ပြီး စပိန်လာလီဂါနဲ့ ပြင်သစ်လီဂူးပွဲစဉ်တွေကလဲ ဘောလုံးရာသီဒုတိယအကျော့အဖြစ် ယှဉ်ပြိုင်ကစားကြမှာပဲဖြစ်ပါတယ်။ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်တစ်ခုတည်းသာ ခေတ္တရပ်နားထားပြီး ယှဉ်ပြိုင်ကစားဖို့ရှိနေတဲ့ပွဲစဉ်တွေထဲက ပြိုင်ဆိုင်မှုပြင်းထန်ပြီး ပရိသတ်စိတ်ဝင်စားစေမဲ့ပွဲစဉ်တချို့ကိုပြန်လည်မြင်တွေ့ရဖွယ်ရှိနေပါတယ်။ အဲဒီထဲကမှ ပရီးမီးယားလိဂ်ပွဲစဉ်(၂၀)မှာဆိုရင် ချဲလ်ဆီးအသင်းက မန်စီးတီးအသင်းကို အဝေးကွင်းမှာ ယှဉ်ပြိုင်ကစားသွားရမှာပါ။ ချဲလ်ဆီးအသင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဘုန်းမောက်အသင်းကို နှစ်ဂိုးစီသရေရလဒ်ရရှိမှုနဲ့အတူ နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့တာကြောင့် နည်းပြမာရက်စ်ကာအနေနဲ့ နုတ်ထွက်သွားခဲ့သလို အဓိကကစားသမားတွေ ဒဏ်ရာရရှိနေတာကြောင့် မန်စီးတီးလိုအသင်းကို အကောင်းဆုံးဘယ်လိုတုံ့ပြန်ကစားနိုင်မလဲဆိုတာ ဒီတစ်ပတ်ရဲ့ စိတ်ဝင်စားစရာအကောင်းဆုံးပွဲစဉ်တစ်ပွဲအဖြစ်မြင်တွေ့ရမှာပါ။ ဒ့ါပြင် စပိန်လာလီဂါပွဲစဉ်တွေအဖြစ် ဆိုစီဒက်နဲ့ အေတီကို၊ စီးရီးအေပွဲစဉ်အဖြစ် လာဇီယိုနဲ့ နာပိုလီ၊ အင်တာနဲ့ ဘိုလော့ဂ်နာအသင်းတို့ပွဲစဉ်ဟာ ဒီတစ်ပတ်ရဲ့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေပဲဖြစ်ကြပါတယ်။

### ဆန်းဒါးလန်းအသင်းကိုပဲ အကြိုက်တွေ့မိပါတယ်

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ စိတ်ဝင်စားမိတဲ့ပွဲစဉ်ကတော့ စပါးနဲ့ ဆန်းဒါးလန်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ စပါးအသင်းက ဘရန့်ဖို့ဒ်အသင်းကို အဝေးကွင်းမှာ ဂိုးမရှိသရေကစားနိုင်ခဲ့ပြီး ဆန်းဒါးလန်းအသင်းကလဲ အိမ်ကွင်းမှာ အမှတ်ပေးဇယားအဆင့်(၂)နေရာက မန်စီးတီးအသင်းကို ဂိုးမရှိသရေကစားနိုင်ခဲ့ကြပါတယ်။ အခုပွဲစဉ်ကတော့ သူတို့အသင်းအတွက် ပရီးမီးယားလိဂ်ပွဲစဉ်(၂၀)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ စပါးအသင်းအနေနဲ့ လက်ရှိမှာ ပွဲစဉ် ၁၉ ပွဲယှဉ်ပြိုင်ကစားထားပြီး ခုနစ်ပွဲနိုင်၊ ငါးပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်ရရှိထားပါတယ်။ လက်ရှိဒီဇင်ဘာလပွဲကျပ်ကာလမှာတော့ သူတို့အသင်းအနေနဲ့ ပရီးမီးယားလိဂ်နောက်ဆုံးသုံးပွဲကစားထားပြီး လီဗာပူးအသင်းကို ရှုံးနိမ့်ထားကာ ပဲလေ့စ်အသင်းကို အနိုင်နဲ့ ဘရန့်ဖို့ဒ်အသင်းကို သရေကစားနိုင်ခဲ့ပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ ကစားသမားပိုင်းအပြောင်းအရွှေ့တွေကြောင့် ရလဒ်ပိုင်းတည်ငြိမ်မှုမရှိသလို အသင်းအနေနဲ့လဲ ပြန်လည်တည်ဆောက်ဖို့ ကြိုးစားနေတဲ့အချိန်လို့တောင် ဆိုရမှာပါ။ ပြီးခဲ့တဲ့ဘောလုံးရာသီမှာတန်းဆင်းဇုန်အထက် အဆင့်(၁၇)နေရာနဲ့ ရာသီသိမ်းခဲ့တဲ့ထိ ခြေစွမ်းပိုင်းကျဆင်းနေသလို လက်ရှိဘောလုံးရာသီမှာလဲ အသင်းရဲ့ ရလဒ်ပိုင်းက တည်ငြိမ်မှုမရှိသေးတာပဲဖြစ်ပါတယ်။

ဆန်းဒါးလန်းအသင်းကတော့ ဒီနှစ်ဘောလုံးရာသီ တန်းတက်အသင်းတွေဖြစ်တဲ့ လိဒ်နဲ့ ဘန်လေအသင်းတို့နဲ့စာရင် ခြေစွမ်းပိုင်းနဲ့ ရလဒ်ပိုင်းအကောင်းမွန်ဆုံးအသင်းလို့ဆိုရမှာပါ။ သူတို့အသင်းဟာ ပရီးမီးယားလိဂ်နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးနိမ့်ခဲ့ပြီး တစ်ပွဲနိုင်၊ သုံးပွဲသရေရလဒ်ရရှိထားပါတယ်။ အဲဒီပွဲစဉ်တွေထဲမှာဆိုရင် ဘရိုက်တန်အသင်းကို ဂိုးမရှိသရေ၊ လိဒ်အသင်းနဲ့ တစ်ဂိုးစီသရေရရှိထားပြီး မန်စီးတီးအသင်းကို ခံစစ်ပိုင်းကဂိုးမပေးရအောင် အကောင်းဆုံးကြိုးစားကစားထားကြပြီး ဂိုးမရှိသရေရလဒ်ကစားခဲ့ပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ လက်ရှိမှာ ခံစစ်ပိုင်းနဲ့အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းအကောင်းဆုံးအနေအထားမှာရှိနေပြီး ပရီးမီးယားလိဂ်ပွဲစဉ် ၁၉ ပွဲယှဉ်ပြိုင်ကစားထားအပြီးမှာ ခုနစ်ပွဲနိုင်၊ ရှစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ အဆင့်(၇)နေရာမှာရပ်တည်နေတာပဲဖြစ်ပါတယ်။ဒါကြောင့် အခုပွဲစဉ်မှာလဲ ဆန်းဒါးလန်းအသင်းအနေနဲ့ အဝေးကွင်းဖြစ်ပေမဲ့ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကျဆင်းနေတဲ့ စပါးအသင်းကို အကောင်းဆုံးထိန်းချုပ်ကစားလာပါလိမ့်မယ်။ စပါးအသင်းရဲ့အိမ်ကွင်းနောက်ဆုံးတွေ့ဆုံမှုခြောက်ကြိမ်စလုံးရှုံးနိမ့်ခဲ့တယ်ဆိုပေမဲ့ အခုပွဲစဉ်မှာတော့ ဆန်းဒါးလန်းအသင်းကိုပဲ အကြိုက်တွေ့မိပါတယ်။

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပါး | ၂ | - | ၀ | ဘရန့်ဖို့ဒ် |
| စပါး | ၃ | - | ၀ | ဆလားဗီးယား |
| နော့တင်ဟမ် | ၃ | - | ၀ | စပါး |
| စပါး | ၁ | - | ၂ | လီဗာပူး |
| ပဲလေ့စ် | ၀ | - | ၁ | စပါး |

**ဆန်းဒါးလန်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၁ | - | ၁ | ဆန်းဒါးလန်း |
| မန်စီးတီး | ၃ | - | ၀ | ဆန်းဒါးလန်း |
| ဆန်းဒါးလန်း | ၁ | - | ၀ | နယူးကာဆယ် |
| ဘရိုက်တန် | ၀ | - | ၀ | ဆန်းဒါးလန်း |
| ဆန်းဒါးလန်း | ၁ | - | ၁ | လိဒ် |

### ရီးရဲလ်မက်ဒရစ်အသင်းကို အားပေးရမှာပါ

နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ရီးရဲလ်မက်ဒရစ်နဲ့ ဘက်တစ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိမှာ စပိန်လာလီဂါပွဲစဉ် ၁၈ ပွဲကစားအပြီး ရီးရဲလ်မက်ဒရစ်အသင်းက ၁၃ ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ရရှိထားကာ အမှတ်ပေးဇယားအဆင့်(၂)နေရာမှာ ရပ်တည်နေပါတယ်။ ရီးရဲလ်မက်ဒရစ်အသင်းဟာ ပြီးခဲ့တဲ့နောက်ဆုံးပွဲစဉ်သုံးပွဲမှာလဲအနိုင်ရရှိထားပြီး လက်ရှိမှာဒဏ်ရာရကစားသမားတွေ အနည်းငယ်သာရှိနေတာကြောင့် ပြိုင်ဘက်အသင်းတိုင်းကို ဖိအားပေးကစားနိုင်စွမ်းရှိပါတယ်။ ဒ့ါပြင် စွမ်းဆောင်ရည်ပိုင်းကောင်းမွန်နေတဲ့ ဗင်နီစီးယပ်စ်၊ ရိုဒရီဂို၊ ဘာလင်ဟမ်တို့လိုကစားသမားတွေကြောင့် ဧည့်သည်ဘက်တစ်အသင်း ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့တော့ ခက်ခဲအုံးမှာပါ။

ဘက်တစ်အသင်းကတော့ ဒီနှစ်ဘောလုံးရာသီမှာ စွမ်းဆောင်ရည်ပိုင်းအကောင်းဆုံးဖြစ်နေပြီး အမှတ်ပေးဇယားအဆင့်(၆)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းဟာ လက်ရှိယူရိုပါလိဂ်ဖလားပြိုင်ပွဲမှာလဲ အဆင့်(၄)နေရာမှာရပ်တည်ထားနိုင်တာကြောင့် နောက်တစ်ဆင့်တက်ရောက်ဖို့ အခွင့်အရေးရှိနေပြန်ပါတယ်။ ဒါကြောင့် လက်ရှိမှာ အသင်းလိုက်စွမ်းဆောင်ရည်နဲ့ စွမ်းဆောင်ရည်ပိုင်းအကောင်းမွန်ဆုံးဖြစ်နေတာပါ။ သူတို့အသင်းအနေနဲ့ ပြိုင်ပွဲစုံနောက်ဆုံး ၁၃ ပွဲမှာ ဘာစီလိုနာအသင်းကိုသာရှုံးနိမ့်ထားပြီး ကိုးပွဲနိုင်၊ သုံးပွဲသရေရလဒ်ရရှိထားပါတယ်။ အသင်းရဲ့တိုက်စစ်ပိုင်းမှာလဲ ရူဘယ်၊ ဟာနန်ဒက်ဇ်၊ အန်တိုနီတို့လိုကစားသမားတွေ အကောင်းဆုံးစွမ်းဆောင်ထားနိုင်တာကိုတွေ့ရပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ ဘက်တစ်အသင်းအနေနဲ့ ရီးရဲလ်မက်ဒရစ်အသင်းရဲ့ခံစစ်ပိုင်းကိုလဲ အကောင်းဆုံးဖိအားပေးကစားနိုင်မလားဆိုတာ စိတ်ဝင်စားစရာကောင်းနေတာပါ။ ဒါပေမဲ့ ရီးရဲလ်မက်ဒရစ်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရမှတ်ထပ်မံဆုံးရှုံးခဲ့မယ်ဆိုရင် မဟာပြိုင်ဘက်ဘာစီလိုနာအသင်းနဲ့ ရမှတ်ကွာဟမှုကြီးမားသွားမှာဖြစ်တာကြောင့် အခုလိုအိမ်ကွင်းပွဲစဉ်မှာ နည်းပြအလွန်ဆိုအနေနဲ့ အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဘက်တစ်အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကောင်းမွန်နေတယ်ဆိုပေမဲ့ ရီးရဲလ်မက်ဒရစ်အသင်းကိုပဲ အားပေးရမှာပါ။

**ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၂ | ဆယ်တာဗီဂို |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၂ | မန်စီးတီး |
| အလာဗက်စ် | ၁ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| လာရီနာ | ၂ | - | ၃ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၀ | ဆီဗီလာ |

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၃ | - | ၅ | ဘာစီလိုနာ |
| ဒိုင်နမိုဇာဂရက် | ၁ | - | ၃ | ဘက်တစ် |
| ဗယ်လ်ကာနို | ၀ | - | ၀ | ဘက်တစ် |
| ရီးရဲလ်မာစီယာ | ၀ | - | ၂ | ဘက်တစ် |
| ဘက်တစ် | ၄ | - | ၀ | ဂီတာဖေး |

### လာဇီယိုအသင်း ရလဒ်ကောင်းသွားပါလိမ့်မယ်

ဒီတစ်ပတ်မှာ ပြိုင်ဆိုင်မှုပြင်းထန်လာအုံးမဲ့ အီတလီစီးရီးအေပွဲစဉ်တွေထဲက စိတ်ဝင်စားမိတဲ့ပွဲစဉ်ကတော့ လာဇီယိုနဲ့ နာပိုလီအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ စီးရီးအေပွဲစဉ်(၁၈)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပြီးခဲ့တဲ့ပွဲစဉ်(၁၇)မှာတော့ လာဇီယိုအသင်းက အူဒီးနီးစ်အသင်းကို တစ်ဂိုးစီသရေ၊ နာပိုလီအသင်းက ခရီမိုနန်ဆီအသင်းကို နှစ်ဂိုး ဂိုးမရှိနဲ့အနိုင်ရထားပါတယ်။ လက်ရှိအမှတ်ပေးဇယား အဆင့်(၈)နေရာမှာ ရပ်တည်နေတဲ့ လာဇီယိုအသင်းအနေနဲ့ ခြေစွမ်းပိုင်းကောင်းမွန်နေတယ်လို့ဆိုရမှာဖြစ်ပြီး နောက်ဆုံးငါးပွဲမှာ ရှုံးပွဲမရှိခဲ့ဘဲ နှစ်ပွဲနိုင်၊ သုံးပွဲသရေရလဒ်ရရှိထားပါတယ်။ ဒ့ါပြင် သူတို့အသင်းအနေနဲ့ စီးရီးအေပြိုင်ပွဲမှာ အိမ်ကွင်းခြေစွမ်းပိုင်းအကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေသလို အိမ်ကွင်းပွဲစဉ် ရှစ်ပွဲမှာ တစ်ပွဲသာရှုံးနိမ့်ထားတဲ့အပြင် သူတို့အသင်းရဲ့ လက်ရှိဘောလုံးရာသီမှာရရှိတဲ့ တိုက်စစ်ပိုင်းက သွင်းဂိုး ၁၈ ဂိုးမှာ အိမ်ကွင်းသွင်းဂိုးက ၁၃ ဂိုးထိရှိနေတာကိုတွေ့ရပါတယ်။ ဒါကြောင့် နာပိုလီအသင်းအနေနဲ့ လာဇီယိုအသင်းကို အသာရဖို့ ခက်ခဲစွာကစားလာရနိုင်ပါတယ်။

နာပိုလီအသင်းကလဲ လက်ရှိမှာ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ရမှတ် ၁၉မှတ်နဲ့ ရပ်တည်နေပြီး ပြိုင်ပွဲစုံနောက်ဆုံးသုံးပွဲဆက်အနိုင်ရထားတာကို တွေ့ရပါတယ်။ အဆင့်(၁)နေရာက အင်တာမီလန်အသင်းနဲ့ နှစ်မှတ်အကွာ၊ အဆင့်(၂)နေရာက အေစီမီလန်အသင်းနဲ့ တစ်မှတ်သာကွာဟနေတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာလဲ ရလဒ်ကောင်းရရှိဖို့ အကောင်းဆုံးပြင်ဆင်လာပါလိမ့်မယ်။ ဒါပေမဲ့ နာပိုလီအသင်းအနေနဲ့ အဓိကကစားသမားအများအပြား ဒဏ်ရာရရှိနေတာကိုတော့သတိပြုရမှာပါ။ လူကာကူ၊ ဒီဘရိုင်း၊ အိုလီဗီယားတို့လို စွမ်းဆောင်ရည်ကောင်းတဲ့ကစားသမားတွေ ဒဏ်ရာကြောင့် ပါဝင်ကစားနိုင်မှာမဟုတ်လို့လာဇီယိုအသင်းကို အသာစီးရယူကစားနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ လာဇီယိုအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လာဇီယို | ၁ | - | ၀ | အေစီမီလန် |
| လာဇီယို | ၁ | - | ၁ | ဘိုလော့ဂ်နာ |
| ပါးမား | ၀ | - | ၁ | လာဇီယို |
| လာဇီယို | ၀ | - | ၀ | ခရီမိုနန်ဆီ |
| အူဒီးနီးစ် | ၁ | - | ၁ | လာဇီယို |

**နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘင်ဖီကာ | ၂ | - | ၀ | နာပိုလီ |
| အူဒီးနီး | ၁ | - | ၀ | နာပိုလီ |
| နာပိုလီ | ၂ | - | ၀ | အေစီမီလန် |
| နာပိုလီ | ၂ | - | ၀ | ဘိုလော့ဂ်နာ |
| ခရီမိုနန်ဆီ | ၀ | - | ၂ | နာပိုလီ |

# တိုင်းရင်းသူ၊ တိုင်းရင်းသားများ စောင်ခြုံထွေးလို့ နွေးပါစေ

ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) သက်တော် (၈၇)နှစ်ပြည့် အထိမ်းအမှတ် (၈)နှစ်မြောက် သတ္တမအကြိမ်အဖြစ် တောင်တန်းဒေသ၏ တိုင်းရင်းသူ၊ တိုင်းရင်းသားများအတွက် အအေးဒဏ်ကာကွယ်ရန် စောင်အထည်ပေါင်း (၂၀၀၀၀) နှစ်သောင်းအား အလှူခံ၍ လှူဒါန်းပါသည်။ စောင်တစ်ထည်လျှင် ငွေကျပ် (၉၀၀၀) နှုန်းဖြင့် အောက်ပါလိပ်စာသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)**
**ဦးလှဝင်း(ဥက္ကဋ္ဌ) ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် တောင်စလင်းတိုက်သစ် ဘာဝနာဌာန**
**၆၂ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ၀၉-၄၄၂၀၇၄၄၆၆၊ ၀၉-၆၆၀၈၅၀၃၉၉**


“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။


၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဗွာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm







## တပ်မတော်အသံလွှင့်တပ်
## သဇင်အသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းခေါ်ယူခြင်း

၁။ တပ်မတော်အသံလွှင့်တပ်၊ သဇင်အသံလွှင့်ဌာနတွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်) ဝန်ထမ်းအဖြစ် ခန့်အပ်ရန်အလိုရှိပါသည်-

(က) ကြေညာသူ(မြန်မာ)၊ ကြေညာသူ(အင်္ဂလိပ်)၊ ကြေညာသူ(တိုင်းရင်းသား)

(ခ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

(ဂ) အယ်ဒီတာ(မြန်မာ) (ဝိဇ္ဇာဘွဲ့(မြန်မာစာ)နှင့်ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ) ဦးစားပေးမည်)

(ဃ) အယ်ဒီတာ(အင်္ဂလိပ်) (ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)နှင့်မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) ဦးစားပေးမည်)

(င) အသံဖမ်း(မြန်မာ/အင်္ဂလိပ်) (ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

(စ) ပရိုဂရမ်မာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျန်းမာရေးကောင်းမွန်သူများဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကျော်စေရ။

(ဂ) အသံကောင်းမွန်ပြီး အနုပညာစိတ်ဝင်စားသူဖြစ်ရမည်။

(ဃ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(င) တူရိယာပစ္စည်းတစ်မျိုးမျိုး တီးခတ်နိုင်သူ (သို့မဟုတ်) အသံကောင်းမွန်သူ (သို့မဟုတ်) တိုင်းရင်းသားဘာသာစကားများထဲမှ ဘာသာစကားတစ်မျိုးမျိုးအား တတ်ကျွမ်းသူဖြစ်ရမည်။

(စ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အလုပ်လျှောက်လွှာပုံစံများကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သဇင်အသံလွှင့်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀ နှင့် ၀၉၆၈၄၁၂၄၄၄၈၂ သို့ ဆက်သွယ်၍ဖြစ်စေ အခမဲ့ ထုတ်ယူနိုင်ပါသည်။

၄။ အလုပ်လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ နောက်ဆုံးထား၍ပေးပို့ရမည်။

၅။ အချက်အလက်ပြည့်စုံသော အလုပ်လျှောက်ထားသူများ၏ လူတွေ့အင်တာဗျူးအား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နှင့် ၃၀ ရက်နေ့များတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက သဇင်အသံလွှင့်ဌာန၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀ နှင့် ၀၉၆၈၄၁၂၄၄၄၈၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



❖ မိမိတို့ပြည်သူများအနေဖြင့် ဘေးအန္တရာယ်အမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးကျရောက်လာသည့် အချိန်တွင် ယခုကဲ့သို့ "We are Strong , We are Together" ဟူသည့် စိတ်သဘောထား ခံယူချက်များကို ဆက်လက်မွေးမြူပြီး ကြံ့ကြံ့ခံကျော်လွှားပေးကြရန် တိုက်တွန်းပြောကြားလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၃၀ ရက်တွင်ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ (Rebuilding Myanmar:Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၆ နာရီခွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD၊ MRTV-News၊MRTV-NRC၊MRTV Farmers'၊ MRTV-Entertainment၊ MRTV Parliament၊ MITV၊ MWD HD Channel၊ MWD Variety HD Channel၊ Readers' Channel၊ Sky Net Up to Date၊ MNTV၊ Channel 9၊ UNI TV နှင့် မဟာရုပ်သံလိုင်းတို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် ပတ္တမြား FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ FM ပုဂံ၊ Star FM၊ သဇင် FM တို့မှလည်းကောင်း၊ MOI Website၊ MRTV Website၊ MRTV App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။ (သတင်းစဉ်)


ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ စာမျက်နှာ - ၁၈

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ စာမျက်နှာ - ၁၉

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ စာမျက်နှာ - ၁၉

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ စာမျက်နှာ - ၁၈

၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းဆန္ဒမဲရရှိမှုအခြေအနေ စာမျက်နှာ - ၂၀




## ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး အမျိုးသမီး၊ လွန်ဆွဲ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များနှင့် လွန်ဆွဲ အမျိုးသား၊အမျိုးသမီးပြိုင်ပွဲများကို ယနေ့ နံနက် ၇ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)နှင့် (၄)တို့၌ ကျင်းပသည်။

ပြိုင်ပွဲသို့ ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံ ၅၅၅ လုံး စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ် စာမျက်နှာ - ၂၅





